# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်(၂၄၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးမြို့၌ အခြေခံပညာကျောင်းများစတင်ဖွင့်လှစ် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား



**မန္တလေး ဇွန် ၂**

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ယနေ့ နံနက်ပိုင်းမှ စတင်၍ဖွင့်လှစ်ခဲ့ရာ မန္တလေးမြို့ရှိအခြေခံပညာကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ကျောင်းတက်၍ ပညာသင်ကြားလျက်ရှိကြသည်။

ယနေ့ကျောင်းသို့ လာရောက်၍ ပညာသင်ကြားကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ကျ ဆရာ ဆရာမများက ကျောင်းဝင်ပေါက် အသီးသီး၌ အတန်းစဉ်အလိုက် စည်းကမ်းတကျ သွားရောက်နိုင်ရေး စီမံဆောင်ရွက်ပေးသည်။

အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက "ဒီနေ့ကတော့ အခြေခံပညာကျောင်းတွေ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေနဲ့ ပုဂ္ဂလိကကျောင်းတွေ ဖွင့်လှစ်တာဖြစ်ပါတယ်။

*စာမျက်နှာ ၆ ကော်လံ ၁* ❑

## ယနေ့ ဖတ် စ ရာ


**နေပြည်တော်ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ**



ပြည်တွင်းသတင်း | စာ ၇

**ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး**



ဆောင်းပါး | စာ ၁၀

**လာအိုအစိုးရက မြို့တော်ဗီယင်ကျန်းမှ ဗီယက်နမ် နယ်စပ်အထိ အမြန်လမ်းဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်**

နိုင်ငံတကာသတင်း | စာ ၁၄

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)တို့အား ကြည့်ရှုစစ်ဆေး




ရန်ကုန် ဇွန် ၂

**ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့အာမခံ လုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများနှင့် ဌာနတာဝန်ခံများနှင့်တွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အာမခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူလူထုအတွက် အထောက်အကူရရှိစေမည့် အာမခံအကာအကွယ်လုပ်ငန်းများဖြစ်စေရေး၊ မန္တလေးငလျင်ကြီးကြောင့် အစိုးရနှင့် ပုဂ္ဂလိကတို့က ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် အာမခံလျော်ကြေးများ စနစ်တကျနှင့် မြန်ဆန်စွာ တွက်ချက်ထုတ်ပေးနိုင်ရေး၊ အရာထမ်း၊ အမှုထမ်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပြည်သူလူထုက ယုံကြည်အားကိုးသည့် မြန်မာ့အာမခံလုပ်ငန်းဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အာမခံလုပ်ငန်းရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနက လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)သို့ရောက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ခရိုင်နှင့်မြို့နယ်ချေးငွေ အကြံပေးအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ ကြွေးကျန်များ ပြန်လည်ရရှိရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်ရေး၊ မလိုလားအပ်သော အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်အမှုအခင်းများ ကျဆင်းပပျောက်ရေးအတွက် ဝိုင်းဝန်းကြပ်မတ်ထိန်းသိမ်းရေး၊ တောင်သူများအတွက် အထောက်အကူပြုသည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို စနစ်တကျဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်သည်များကို မှာကြားကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ငလျင်ကြောင့် အိမ်ရာပြိုကျခဲ့သည့် ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်



**နေပြည်တော် ဇွန် ၂**

ငလျင်ကြောင့်အိမ်ရာပြိုကျခဲ့သည့် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအတွက် အဝတ်အထည်နှင့် အသုံးအဆောင်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အင်အားအလွန်ပြင်းသည့် မန္တလေးငလျင်ကြီးကြောင့် မိမိတို့ဝန်ထမ်းများ၏ အိမ်ရာများ ထိခိုက်ပျက်စီး ပြိုကျမှုများအရ ကိုယ်ပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ခြင်းအပေါ် ထိုက်သင့်သည့် ထောက်ပံ့ကူညီမှုဖြစ်စေရန် မိမိတို့ဝန်ကြီးဌာနနှင့် အလှူရှင်များက စွမ်းအားရှိသရွေ့ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့တစ်ဦးချင်း၏ နေထိုင်စားသောက်မှု အားနည်းချက်ကြောင့် နောက်ဆက်တွဲ ကျန်းမာရေးထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် ဂရုပြုနေထိုင်သွားကြရန်နှင့် ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြ၍ အကူအညီ ရယူနိုင်ကြပါကြောင်း အားပေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ငလျင်ကြောင့် အိမ်ရာပြိုကျခဲ့သည့် ဝန်ထမ်း ၆၀ အတွက် ခုတင်၊ မွေ့ရာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးနှင့် အဝတ်အထည်အပါအဝင် တစ်ဦးလျှင် ထောက်ပံ့ပစ္စည်းခုနစ်မျိုးကို ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

### ဧရာဝတီမြစ်ရေ ကသာမြို့၌ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်


နေပြည်တော် ဇွန် ၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ရှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ကသာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ပြည်သူများအတွက် လူသုံးကုန်ပစ္စည်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ လာရောက်ပေးအပ်လှူဒါန်း



**နေပြည်တော် ဇွန် ၂**

Huawei Technologies (Yangon) Co.,Ltd က မန္တလေးငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန် လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) သို့ ယနေ့မွန်းလွဲပိုင်းတွင် လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က လက်ခံရယူပြီး (ဝဲပုံ) ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလှူပစ္စည်းများ ပေးအပ်ပွဲသို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနအဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်တို့ တက်ရောက်ခဲ့ကြောင်းနှင့် ပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၂

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးနေမျိုးလှိုင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နေမှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။** (ယာပုံ)



ဦးစွာ နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ ကျောင်းစုဝေးကွင်းတွင် နိုင်ငံတော်အလံ အလေးပြုခြင်း၊ နိုင်ငံတော်သီချင်း၊ မြန်မာ့ကျောင်းသီချင်း၊ ဇာတိမာန်သီချင်းသီဆိုခြင်းနှင့် ကျောင်းအုပ်ဆရာမကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်းတို့ကိုကြည့်ရှုအားပေး၍ စာသင်ခန်းအတွင်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ် (ပြည်စံအောင်) အခြေခံပညာ အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာနှင့် စက်မှုစိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ကျောင်းအပ်လက်ခံနေမှုများ၊ စာသင်ခန်း၊ စာသင်ဆောင်များ၊ ကျောင်းစာကြည့်တိုက်များ၊ ကျောင်းဝင်းအတွင်း ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ စာသင်ကျောင်းများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ကြပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၃)သင်တန်းဖွင့်

**ဇီးပင်ကြီး ဇွန် ၂**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၃)၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် နီလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က သင်တန်းကရရှိမည့် အသိပညာ၊ အတတ်ပညာနှင့် အတွေ့အကြုံဗဟုသုတများကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အတွက် ကောင်းမွန်သောဝန်ဆောင်မှုပေးရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတို့တွင် အထောက်အကူဖြစ်စေရေးအတွက် အကျိုးရှိစွာ အသုံးချနိုင်ရေး ကြိုးစားလေ့လာသင်ယူကြရန်နှင့် နိုင်ငံတော်၏ အဆင့်မြင့်တာဝန်များ၊ အရေးကြီးတာဝန်များကို ထမ်းဆောင်ရန် အလားအလာရှိသူများဖြစ်၍ ပညာဗဟုသုတပြည့်စုံပြီး စိတ်ဓာတ်မြင့်မားအမြော်အမြင်ရှိသည့် အရာထမ်းကောင်းများဖြစ်အောင် ပြုမူကျင့်ကြံနေထိုင်ကြရန် တိုက်တွန်းမှာကြားသည်။

အလယ်အလတ် အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၃)သို့ သင်တန်းသား ၄၄ ဦး၊ သင်တန်းသူ ၄၈ ဦး စုစုပေါင်း ၉၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၂ ရက်မှ အောက်တိုဘာ ၂၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆက်လက်၍ အဖွဲ့ဝင် ဦးဆန်းမြင့်သည် တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ၏ စာသင်ဆောင်များတွင် သင်ခန်းစာပို့ချနေမှု၊ သင်တန်းအိပ်ဆောင်များ ခင်းကျင်းထားရှိမှု၊ စားသောက်ရေး ဆောင်ရွက်ထားရှိမှု၊ မကြာမီဖွင့်လှစ်မည့် သင်တန်းများ၏ စာသင်ဆောင်များ ပြင်ဆင်ထားရှိမှုနှင့် သင်တန်းအိပ်ဆောင်များ ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# မကွေးမြို့နယ်၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**မကွေး ဇွန် ၂**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရေဘေးကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်ခြင်းများကို မကွေးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဧရာဝတီမြစ်ဝအတွင်း ယနေ့နံနက် ၁၀ နာရီမှ စတင်လေ့ကျင့်ဆောင်ရွက်သည်။ **(အောက်ပုံ)**

အဆိုပါရေဘေးကယ်ဆယ်ရေးလေ့ကျင့်ဆောင်ရွက်မှုတွင် မကွေးမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ၂၇ ဦးတို့က Speed Boat နှစ်စင်း၊ Intelligence lifebuoy နှစ်စင်းတို့နှင့်အတူ ရေပြင်ရှာဖွေကယ်ဆယ်ရေးပစ္စည်းများအသုံးပြုပြီး စမ်းသပ်မောင်းနှင်ခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအား Speed Boat များ ကျွမ်းကျင်စွာ မောင်းနှင်နိုင်စေရေး လေ့ကျင့်သင်ကြားပေးခြင်းနှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



**၂ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၇၇၀၀၀၀ ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အားကစားကွင်း၊ အားကစားရုံများ လှည့်လည်ကြည့်ရှုစစ်ဆေး



**တောင်ကြီး ဇွန် ၂**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများအနက် အသက်(၂၅) နှစ်အောက် ဘော်လီဘောပြိုင်ပွဲ၊ အသက်(၁၈)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသား ဖူဆယ်ပြိုင်ပွဲနှင့် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲများကို ရှမ်းပြည်နယ်က အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့နှင့်အတူ လက်ခံကျင်းပမည့် အားကစားကွင်း၊ အားကစားရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲများကျင်းပမည့် ပြည်နယ်အားကစားကွင်းကိုကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲဖြစ်သည်နှင့်အညီ အားကစားကွင်းကို ပြိုင်ပွဲကွင်းအဆင့်နှင့် လျော်ညီအောင် ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ ပြိုင်ပွဲကာလအတွင်း လုံခြုံရေး ကျိုးပေါက်မှုမရှိစေရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရန်၊ အားကစားကွင်းစိမ်းလန်းစိုပြည်ရေး ဆက်လက်ထိန်းသိမ်းထားရှိရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောအားကစားပြိုင်ပွဲများနှင့် အမျိုးသားဖူဆယ်ပြိုင်ပွဲကျင်းပမည့် ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၊ အရန်လေ့ကျင့်ရေးကွင်းများ၊ အားကစားသမားများတည်းခိုဆောင်၊ အားကစားသမား စားရိပ်သာ၊ ပြိုင်ပွဲကျင်းပရေးနှင့် ပြိုင်ပွဲကြီးကြပ်မည့် ဒိုင်အဖွဲ့များ ထားရှိသည့် တည်းခိုဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲဝင်အသင်းများကို လက်ဖက်ရည်ဝိုင်းဖြင့် ကြိုဆိုမိတ်ဆက်ခြင်း အခမ်းအနားသို့တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက အားကစားသမားများအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအား၊ စည်းလုံးမှု ၊ စံချိန်၊ စံညွှန်း၊ စံနှုန်းများအား ကျင့်သုံးပြီး နိုင်ငံတော်က အားထားရသည့် မြန်မာ့လက်ရွေးစင် အားကစားသမားကောင်းများဖြစ်စေရေး ပြိုင်ပွဲမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် အညီ ယှဉ်ပြိုင်သွားကြရန်မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# လယ်ဝေးမြို့နယ်ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ကျောင်းအပ်နှံဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှု

**နေပြည်တော် ဇွန် ၂**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာ ကွင်းအမှတ် ၁၆၇၂ ရှိ တောင်သူ ဦးကျောက်၏ ရေဆင်းပေါ်ဆန်း(၂) မျိုးစပါး ၁ ဒသမ ၅ ဧက စိုက်ခင်းတွင် သဘာဝမြေဆွေးနှင့် ဓာတ်မြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ပျံချီကျေးရွာရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများအား ကျောင်းသုံး ပုံနှိပ်စာအုပ်များ ပေးအပ်ကာ ပညာသင်ကြားနေမှုနှင့် ကျောင်းအပ်နှံဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများ ရာနှုန်းပြည့်ကျောင်းအပ်နှံနိုင်ရေး၊ ကျောင်းအတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကာ ကျောင်းသား ကျောင်းသူများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် အေလာမြို့ ဂိုဏ်းထောက် ကျောင်းတိုက်နှင့် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုပြီး အားပေးစကား ပြောကြားကာ စားသောက်စရိတ်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ အမှတ်(၁) ကျောင်းအတွင်း ယာယီစာသင်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ကျောင်းပတ်ဝန်းကျင် ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေမြောင်းအတွင်း အမှိုက်များပိတ်ဆို့မှုမရှိစေရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။



**အောင်ကို (ပုဗ္ဗသီရိ)**



# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်

**ရန်ကုန် ဇွန် ၂**

၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီနာယကရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပထမပွဲစဉ်များ ယှဉ်ပြိုင်ကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးကြသည်။**(အပေါ်ပုံ)**

ယင်းပြိုင်ပွဲသို့ အမျိုးသားအသင်း ၄၅ သင်း၊ အမျိုးသမီးအသင်း ၂၂ သင်းတို့မှ အားကစားသမား ၄၀၁ ဦးတို့က ဇွန် ၉ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ်(၁ / ၂၀၂၅) ဖွင့်လှစ်

**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့် သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်လှစ်သည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ(အပေါ်ထပ်)၌ကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ ခရိုင်တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် သင်တန်းသားသင်တန်းသူများအပါအဝင် စုစုပေါင်း ၅၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တပတ်လေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စတင်တက်ရောက်

**ရန်ကုန် ဇွန် ၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ရန်ကုန်မြို့တွင်းရှိ အခြေခံပညာကျောင်းများ၏ အခြေခံပညာ (မူလတန်း၊ အလယ်တန်း၊ အထက်တန်း) များကို ယနေ့တွင် စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းစဖွင့်သည့်ရက်မှာပင် ဆရာ ဆရာမများကလည်း အင်ပြည့်အားပြည့်ဖြင့် စာသင်ရန်အသင့်ဖြစ်နေသလို ကျောင်းသား ကျောင်းသူများကလည်း မိုးထဲလေထဲမှာပင် အားအင်အပြည့်ဖြင့် ကျောင်းတက်ရောက်ကြသည်ကို တွေ့မြင်ရသည်။

မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံရေးရက်သတ္တပတ် သတ်မှတ်ခဲ့ပြီး ကျောင်းအပ်နှံမှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံသူဦးရေ ၁၀၃၆၁၀၅ ဦးရှိကြောင်း သိရသည်။



ဆရာမ ဒေါ်လှမိုးသူ



ကျောင်းသူ မယွန်းသန့်သူ

လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်လှမိုးသူက "ကျွန်မတို့ကျောင်းက မနက် ၇ နာရီခွဲကနေပြီးတော့ နေ့လယ် ၁ နာရီ ၄၅ မိနစ် အထိဖြစ်ပါတယ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ထက်စာရင် အခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ ကျောင်းသူဦးရေနဲ့ ကျောင်းတက်သူ ရာခိုင်နှုန်းလည်း ပိုမိုတိုးတက်လာတာတွေ့ရပါတယ်။ ဒီပညာသင်နှစ်မှာ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ သင်ရိုးညွှန်းမာတိကာတွေနဲ့ ကလေးတွေကို ပညာရေးအပြင် ဘက်စုံဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေဖို့နဲ့ အထက်တန်းဆိုရင်လည်း အမှတ်ပေးစည်းမျဉ်းတွေနဲ့အညီ ဘာသာရပ်တိုင်းကို ထူးချွန်ထက်မြက်တဲ့ ကျောင်းသူတွေဖြစ်အောင် သင်ကြားပေးဖို့ ဆောင်ရွက်ထားပါတယ်။ ကျောင်းကျန်းမာရေးအနေနဲ့ကတော့ ကျောင်းမဖွင့်ခင်မှာ ကျန်းမာရေးဝန်ကြီးဌာနရယ် မြန်မာနိုင်ငံကြက်ခြေနီအသင်းနဲ့ ပူးပေါင်းပြီး တော့ အခန်းလိုက် ခြင်ဆေးဖျန်းတာတွေ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ဖို့အတွက် ရေကန်တွေမှာလည်း အဘိတ်ဆေးခတ်တာတွေလည်း ပြုလုပ်ထားပါတယ်။ ကျောင်းစဖွင့်ခြင်းရက်မှာပဲ ဆရာ ဆရာမတွေကလည်း အင်ပြည့်အားပြည့်နဲ့ စာသင်ဖို့အသင့်ဖြစ်နေသလို အခုလို မိုးထဲလေထဲမှာပဲ ကျောင်းသူတွေကလည်း အားအင်အပြည့်နဲ့ ပညာသင်ကြားဖို့အတွက် လာကြသလို မိဘတွေကလည်း သားသမီးတွေ ကျောင်းကို ရောက်အောင် လာပို့ကြတဲ့တွက် ဝမ်းသာပီတိဖြစ်မိပါတယ်" ဟု ပြောသည်။



ရန်ကုန် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(လသာ)၌ ဇွန် ၂ ရက်တွင် ကျောင်းသား ကျောင်းသူများ ကျောင်းလာရောက် တက်ရောက်နေသည့်မြင်ကွင်းကို တွေ့ရစဉ်။

ကျောင်းစတင်တက်ရောက်သည့်နေ့တွင် တာဝန်ကျ ဆရာ ဆရာမများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအား စနစ်တကျ အဆင်ပြေ ချောမွေ့စေရေး၊ စည်းကမ်းတကျဖြစ်စေရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ပညာရေးဝန်ကြီးဌာနမှ အသိပေးထုတ်ပြန်ချက်တွင် မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းတက်မှန်ရေး၊ ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ရန်၊ ကျန်းမာရေးနှင့်ပတ်သက်၍ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အကြံပြုဆွေးနွေးရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင်ထိုးနှံရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်စသည်ဖြင့် မေတ္တာရပ်ခံချက်နှင့် လိုက်နာရမည့်အချက်များကိုလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

အထက(၂)လသာ Grade-7 တွင် ပညာသင်ကြားမည့် ကျောင်းသူ မယွန်းသန့်သူကလည်း "အခုဆိုရင် မိုးတွေကရွာနေပေမယ့် ခွဲခွာနေခဲ့ရတဲ့ ဆရာ ဆရာမတွေနဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေနဲ့ အခုပြန်တွေ့ရတဲ့အတွက် ပျော်ရွှင်ဝမ်းသာရပါတယ်။ သမီး အခုတက်ရောက်နေတဲ့ Grade-7 မှာဆိုရင် မြန်မာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ သိပ္ပံဆိုတဲ့ ဘာသာခြောက်ဘာသာ သင်ယူရမှာ ဖြစ်ပါတယ်။ သမီးကတော့ ဆရာ ဆရာမတွေရဲ့ စကားကို မြေဝယ်မကျနားထောင်ပြီး ပညာရေးအပြင် ဘက်စုံထူးချွန်ထက်မြက်အောင် အကောင်းဆုံးကြိုးစားသွားပါမယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် မူလတန်းကျောင်း ၁၆၈၀၊ အလယ်တန်းကျောင်း ၆၆၅ ကျောင်း၊ အထက်တန်းကျောင်း ၄၀၉ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၃၂ ကျောင်း ဖွင့်လှစ်ထားရှိသည်။။

ယမန်နှစ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းအပ်နှံသူဦးရေ ၁၀၃၄၆၆၉ ဦးရှိခဲ့ကာ ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံမှုစာရင်းအရ ကျောင်းအပ်နှံသူဦးရေ ၁၀၃၆၁၀၅ ဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။ **သတင်း-ကျော်ကြီး၊ ဓာတ်ပုံ-သီဟ**

---

❑ *ရှေ့ဖုံးမှ*

နောက်ပြီး ကျွန်တော်တို့ ကျောင်းက ငလျင်ဒဏ်အန္တရာယ်ကင်းတဲ့ အဆင့်ဖြစ်အောင် ရာနှုန်းပြည့် ဆောင်ရွက်ထားတဲ့အတွက် မိဘတွေကလည်း အားတက်သရော လာထားကြပါတယ်။ လက်ရှိအနေနဲ့ ကျောင်းသား ကျောင်းသူ ၃၃၀၀ လောက် ရှိနေပြီဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေ ကျောင်းတက်ကျောင်းဆင်းချိန်မှာလည်း ယာဉ်အန္တရာယ်ကင်းအောင် နေ့စဉ်ဆောင်ရွက်ထားရှိပါတယ်။ နောက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် ပူးပေါင်းအဖွဲ့တွေကလည်း ကျောင်းသား ကျောင်းသူတွေ ဘေးအန္တရာယ်ကင်းရှင်းစေဖို့ လာရောက်ဆောင်ရွက်ပေးနေကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် နယ်ဝေးရောက်နေပြီး ကျောင်းမအပ်ရသေးတဲ့သူတွေအတွက်လည်း ဇွန်လတစ်လလုံး ကျောင်းအပ်လက်ခံပေးသွားမှာဖြစ်တဲ့အတွက် ကျောင်းလာရောက်အပ်နှံဖို့ ပြောကြားလိုပါတယ်" ဟု ပြောသည်။

ထို့ပြင် မေ ၂၂ ရက် မှ ဇွန် ၁ ရက်အထိ ဆောင်ရွက်ခဲ့သည့် ကျောင်းအပ်နှံရေး ရက်သတ္တပတ်၌ ကျောင်းအပ်လက်ခံခဲ့ရာတွင်လည်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားနိုင်ရေး အတွက် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ ကောက်ခံခြင်းမပြုကြောင်းကိုလည်း ဗီနိုင်းပိုစတာများဖြင့် အသိပေးကြေညာထားသည်။

ကျောင်းသားမိဘ တစ်ဦးကလည်း "ကျွန်မကလေးတွေကတော့ ဒီနှစ်မှာ Grade-1 နဲ့ Grade-7 မှာ ပညာသင်ကြားမှာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ကလေးတွေကို ပေးနိုင်တာကတော့ ပညာအမွေပဲဖြစ်ပါတယ်။ ကျွန်မက ဝန်ထမ်းဖြစ်တဲ့အတွက် ဘယ်နေရာမှာ တာဝန်ကျကျ ကျောင်းကို ရောက်အောင်ပို့ပြီး ပညာသင်ကြားစေပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာကလည်း အချိန်မရွေးကျရောက်နိုင်တာဆိုတော့ ကိုယ့်ကလေးတွေကိုလည်း ဒီလိုအန္တရာယ်မျိုးကျရောက်လာရင် ဘယ်လိုနေထိုင်ပြုမူရမယ်ဆိုတာကို သင်ပေးထားပါတယ်။ အကယ်၍ ကျောင်းတက်နေရင်း ကြုံလာရင်လည်း ဆရာ ဆရာမတွေရဲ့ ပြောစကားကို နားထောင်ပြီး ဘေးအန္တရာယ်တွေကို ရင်ဆိုင်ပါလို့ သွန်သင်ဆုံးမထားပါတယ်။ မိဘတိုင်းအတွက်ကတော့ ကိုယ့်သားသမီးဟာ အဖိုးထိုက်တန်တဲ့ ရတနာတစ်ပါးလိုပါပဲ။ ဒါကြောင့် မိမိတို့အနေနဲ့ ဘယ်လိုအခြေအနေမျိုးပဲရောက်ပါစေ မိမိတို့သားသမီးတွေကိုတော့ကျောင်းကိုရောက်အောင်ပို့ပြီး သူတို့ဘဝအနာဂတ်လှပဖို့ ပညာသင်ကြားစေလိုပါတယ်" ဟု ပြောသည်။

Grade-7သို့တက်ရောက်မည့် ကျောင်းသူ မအမရာဦးက "အခုလို ကျောင်းတွေ ပြန်ဖွင့်ပြီဆိုတော့ သူငယ်ချင်းတွေနဲ့ ပြန်လည်တွေ့ဆုံပြီး ကျောင်းစာတွေ သင်ကြားမှာဖြစ်တဲ့အတွက် ပျော်ရွှင်မိပါတယ်။ နောက်ပြီး ဆရာ ဆရာမတွေ သင်ကြားပေးမယ့် ကျောင်းသင်ခန်းစာတွေကိုလည်း ကြိုးစားပြီး သင်ယူမယ်လို့ဆုံးဖြတ်ထားပါတယ်။ သမီးအနေနဲ့ Grade-12 ကို အမှတ်ကောင်းကောင်းနဲ့ အောင်မြင်နိုင်ဖို့ အခုကတည်းက ကြိုးစားသွားမှာဖြစ်ပါတယ်။ ဆရာဝန်တစ်ယောက်ဖြစ်အောင်ကြိုးစားပြီး နိုင်ငံ့တာဝန်တွေကို တတ်နိုင်တဲ့ဘက်က ထမ်းဆောင်သွားမှာဖြစ်ပါတယ်" ဟု ပြောသည်။



မန္တလေး အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂ ရက်တွင် ကျောင်းသား ကျောင်းသူများ ကျောင်း လာရောက် တက်ရောက်နေသည့်မြင်ကွင်းကို တွေ့ရစဉ်။

ကျောင်းလာတက်ကြသည့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းရှင်းစေပြီး လုံခြုံစိတ်ချစွာဖြင့် ပညာသင်ကြားနိုင်ရန်အတွက်လည်း မန္တလေးမြို့ရှိ အဓိကလမ်းမကြီးများနှင့် နီးစပ်သည့် ကျောင်းများ၌ မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သက်ဆိုင်ရာမြို့နယ်များအလိုက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ကျောင်းတွင်း၊ ကျောင်းပြင် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်း ယခင်နှစ် ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့်မူလတန်းကျောင်းပေါင်း ၃၅၂၉ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၂၆၈ ကျောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း ၂၄၆ ကျောင်း စုစုပေါင်း ၄၀၄၃ ကျောင်းဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူဦးရေ ၁၀၂၃၂၉၀ တက်ရောက် ပညာသင်ကြားခဲ့ပြီး ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ယခင်ပညာသင်နှစ်ကထက် အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း၊ ကိုယ်ပိုင်ကျောင်းများ အားလုံးနီးပါး ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့တွင် ကျောင်းများ စတင်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများအား အတန်းစဉ်အလိုက် သင်ရိုးညွှန်းတမ်းနှင့်အညီ သင်ခန်းစာများကို သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။ **မောင်အေးချမ်း**





၂၀၂၅-၂၀၂၆ ပညာသင်နှစ် နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဇွန် ၂ ရက်တွင် ကျောင်းသား ကျောင်းသူများ ကျောင်းလာရောက် တက်ရောက်နေသည့်မြင်ကွင်းကို တွေ့ရစဉ်။

# နေပြည်တော်ရှိ အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာပညာသင်ကြားလျက်ရှိ

**နေပြည်တော် ဇွန် ၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယနေ့တွင် စတင်ဖွင့်လှစ်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်း ပျော်ရွှင်စွာ သတ်မှတ်အချိန်ဇယားများအတိုင်း ပြဋ္ဌာန်းဘာသာရပ်များကို သင်ကြားလျက်ရှိသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းတက်ရောက်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်မှုများအနေဖြင့် စာသင်ခန်းအတွင်း၌ စာသင်ခုံများ စနစ်တကျနေရာချထားခြင်း၊ ဘာသာရပ်အလိုက် စာသင်ချိန်ဇယားများ စနစ်တကျ စီမံထားခြင်း၊ ကျောင်းတက်၊ ကျောင်းဆင်းအချိန်စာရင်းများ အသိပေးကြေညာထားခြင်း၊ ကျောင်းသား ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဥပဓိရုပ် ကောင်းမွန်စေရန်နှင့် ကျောင်းဝန်းကျင်သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားခြင်း၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် အသိပေးကြေညာချက်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ဆောင်ပုဒ်များ စိုက်ထူထားခြင်း၊ ကျောင်းကြို၊ ပို့ယာဉ်များ စီစဉ်ထားခြင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးဆောင်ရွက်ပေးခြင်းတို့ကို ပြည့်စုံစွာ စီမံဆောင်ရွက်ထားကြသည်။

ယနေ့ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက "ဒီနှစ် ကျောင်းသား ကျောင်းသူအပ်နှံစာရင်း ၂၁၁၉ ဦးရှိပါတယ်။ မနှစ်က ကျောင်းသားဦးရေနဲ့ နှိုင်းယှဉ်ရင် ၁၇ ရာခိုင်နှုန်းလောက် ကွာဟမှုရှိပေမယ့် ကျောင်းအပ်လက်ခံနေသေးတဲ့အတွက် ရာခိုင်နှုန်းပြည့်မီမယ်လို့ ခန့်မှန်းပါတယ်။ မနက် ၈ နာရီခွဲ ကျောင်းတက်မှာဖြစ်ပြီး ညနေ ၃ နာရီ ၄၅ မိနစ် ကျောင်းဆင်းမှာဖြစ်တဲ့အတွက် တစ်ချိန်တက်ကျောင်းဖြစ်ပါတယ်။ အရင်နှစ်တွေမှာ ကျောင်းအကြို၊ အပို့ ကားတွေကို လမ်းကြောင်း ငါးကြောင်း ပြေးဆွဲပါတယ်။ ဒီနှစ်မှာတော့ မန္တလေးလျောင်ကြောင့် မိဘတွေ ရွှေ့ပြောင်းနေထိုင်ကြရတဲ့အတွက် လမ်းကြောင်း သုံးကြောင်းပြေးဆွဲပြီး ကားအစီးရေ ထပ်မံဖြည့်တင်းသွားမှာဖြစ်ပါတယ်။ သင်ရိုးညွှန်းတမ်းနဲ့ ညွှန်ကြားချက်အရ အတန်းအချိန်ဇယားတွေမှာ စာဖတ်ချိန်နဲ့ ဥပဒေဘာသာရပ်အပါအဝင် စာသင်ချိန် ရှစ်ချိန် ထည့်သွင်းရေးဆွဲထားပါတယ်။ နိုင်ငံသားတိုင်း အသက် ၁၈ နှစ်ပြည့်ပြီးရင် နိုင်ငံတော်ရဲ့ ဥပဒေအကြောင်းအရာကို သိရှိရမှာဖြစ်တဲ့အတွက် ဥပဒေဘာသာရပ်ကို အထက်တန်းအဆင့် Grade -11 နဲ့ Grade -12 အတွက် ထည့်ဆွဲထားပါတယ်။ အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် မိဘတိုင်းက မိမိတို့ရဲ့ သား၊ သမီးများကို နီးစပ်ရာကျောင်းတွေမှာ ကျောင်းအပ်နှံကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောကြားသည်။

**အခမဲ့ပညာရေးစနစ် ဆောင်ရွက်ပေးထား**

နိုင်ငံတော်အနေဖြင့် ကျောင်းသား ကျောင်းသူများအား အခမဲ့ပညာရေးစနစ် ဆောင်ရွက်ပေးထားသည့်အတွက် မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမရှိသည့်အပြင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးဗလာစာအုပ်၊ ဖတ်စာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများကိုလည်း အခမဲ့ဖြန့်ဝေပေးသည်။

ဆက်လက်၍ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က "ဒီနေ့အထိ ကျောင်းသား ကျောင်းသူပေါင်း ၁၂၃၆ ဦး လာရောက်အပ်နှံထားပါတယ်။ ပြီးခဲ့တဲ့နှစ်က တက်ရောက်ခဲ့တဲ့ ကျောင်းသား ကျောင်းသူအားလုံးနီးပါး ပြန်လည်တက်ရောက်ကြပါတယ်။ Grade-12 ပြန်လည်ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူတွေကိုတော့ မူလတန်းအဆောင်မှာ စခန်းသွင်း လေ့ကျင့်သင်ကြားပေးနေတဲ့အတွက် ကျောင်းတက်ချိန်ကို နှစ်ချိန်ခွဲပြီး စီစဉ်ဆောင်ရွက်ထားပါတယ်။ Grade-12 ကျောင်းသား ကျောင်းသူတွေ ပြန်လည်ဖြေဆိုပြီးသွားရင် စာသင်ချိန်ကို ပုံမှန်အတိုင်း တစ်ချိန်တက်နဲ့ ဖွင့်လှစ်သင်ကြားပေးသွားမှာဖြစ်ပါတယ်။ စာသင်ချိန်ကိုတော့ ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့အတိုင်း စာသင်ချိန်ရှစ်ချိန်နဲ့ ဆောင်ရွက်နေပါတယ်။ ကျောင်းတက်ကျောင်းဆင်း ကြို/ပို့အတွက် ကျောင်းကားတွေကိုလည်း စီစဉ်ထားပါတယ်။ ဥပဒေပညာ၊ စာရိတ္တနဲ့ ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ အနုပညာ(ပန်းချီ)(ဂီတ)၊ ကာယပညာနဲ့ ဒေသ/စာကြည့်တိုက်ဆိုင်ရာ ဘာသာရပ်တွေကိုလည်း လိုအပ်တဲ့အတန်းတွေအလိုက် သင်ကြားပေးပါတယ်။ ဒီနေ့ကလေးအများစုကို မိုဘိုင်းဖုန်း အသုံးပြုမှုလျှော့ချပြီး စာပေဖတ်ရှုခြင်း အလေ့အထကို ရရှိစေချင်ပါတယ်။ စာဖတ်ချိန်မှာလည်း အသိပညာ ဗဟုသုတရဖွယ်စာပေတွေကို ဖတ်ရှုခိုင်းပါတယ်။ ကျောင်းသားမိဘတွေအနေနဲ့လည်း မိမိတို့ရဲ့သား၊ သမီးတွေ ပညာတတ်တွေဖြစ်ပြီး အနာဂတ်လှပစေဖို့အတွက် ကျောင်းအချိန်မီအပ်နှံပြီး ကျောင်းလာရောက်တက်ကြဖို့ တိုက်တွန်းပြောကြားချင်ပါတယ်" ဟု ပြောကြားသည်။

**အထက်တန်းအဆင့်မှာ ဥပဒေဘာသာရပ်ကို ထည့်သွင်းထားခြင်းဖြစ်**

ထို့နောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက "ဒီနေ့ ဇွန် ၂ ရက်အထိ ကျောင်းသား ကျောင်းသူ ၁၄၅၅ ဦး ကျောင်းအပ်လက်ခံထားပါတယ်။ ဒီတစ်လလုံးလည်း ကျောင်းသား ကျောင်းသူတွေကို ဆက်လက်ကျောင်းအပ်လက်ခံပေးသွားမှာ ဖြစ်ပါတယ်။ မနှစ်က မတ်လ နောက်ဆုံးစာရင်းချုပ်နဲ့နှိုင်းယှဉ်ရင် ၉၀ ရာခိုင်နှုန်းကျော် ကျောင်းအပ်ပြီးနေပါပြီ။ နိုင်ငံသားတိုင်း ဥပဒေအကြောင်းအရာနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအချက်အလက်တွေကို သိရှိထားသင့်တဲ့အတွက် အထက်တန်းအဆင့်မှာ ဥပဒေဘာသာရပ်အချိန်ကို ထည့်သွင်းထားခြင်းဖြစ်ပါတယ်။

**စာဖတ်တဲ့အလေ့အကျင့်ကောင်း ပြုစုပျိုးထောင်**

"မိုဘိုင်းဖုန်းနဲ့ ဆိုရှယ်လွှမ်းမိုးမှုမှာ အခြေခံကဏ္ဍက စာကြည့်တိုက်နဲ့ ဆက်စပ်ပါတယ်။ ကလေးတွေ စာများများဖတ်ဖို့ လိုပါတယ်။ စာကြည့်တိုက်အချိန်မှာ ဖတ်နေတဲ့စာအုပ်မပြီးသေးရင် စာအုပ်ကို အိမ်ငှားခွင့်ပေးလိုက်ပါတယ်။ ငှားလိုက်တဲ့ စာအုပ်ရဲ့အကြောင်းအရာ ပြန်လည်ပြောရမယ်ဆိုတော့ ကလေးတွေက စာအုပ်ကို သေသေချာချာဖတ်ကြပါတယ်။ ကလေးတစ်ယောက်ကို စာဖတ်တဲ့ ရေရှည်အလေ့အကျင့်ကောင်း ပြုစုပျိုးထောင်ပေးခြင်းဖြင့် မိုဘိုင်းဖုန်းသုံးစွဲမှုနှုန်း လျော့ကျသွားမယ်လို့ထင်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ အ.လ.က-၃ ကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်းက "ကျောင်းသား ကျောင်းသူအပ်နှံစာရင်း မနှစ်က ၁၀၈၇ ဦး ရှိခဲ့ပြီး ဒီနှစ် ၁၁၀၀ နီးပါးရှိပြီဖြစ်ပါတယ်။ ဒီနှစ်ကျောင်းအချိန်စာရင်းကတော့ နှစ်ချိန်တက်ဖြစ်ပါတယ်။ မနက်ပိုင်းမှာ Grade -6 မှ Grade -12 အထိ၊ နေ့လယ်ပိုင်းမှာဆိုရင် KG မှ Grade-5 ဆိုပြီး ခွဲထားပါတယ်။ ကျောင်းအကြို၊ အပို့အတွက် ဒီနှစ်မှာတော့ မနှစ်ကသတ်မှတ်ထားတဲ့ ဇရိယာတွေထက် တိုးချဲ့ ကြို၊ ပို့ သွားမှာဖြစ်ပါတယ်။ ကျောင်းသားတိုင်း အလယ်တန်းအဆင့် ပြီးမြောက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်နေတဲ့ကလေးတွေကိုလည်း သင့်တင့်တဲ့ အတန်းပညာ တတ်မြောက်စေချင်ပါတယ်" ဟု ပြောကြားသည်။

ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများ၌ အထက်တန်းအဆင့်၌ ၂၈၅၉၂ ဦး၊ အလယ်တန်းအဆင့်၌ ၅၃၂၂၈ ဦးနှင့် မူလတန်းအဆင့်၌ ၁၂၀၇၄၆ ဦး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၂၅၆၆ ဦး ကျောင်းတက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ကျော်စွာသန့်၊ ဓာတ်ပုံ-ဖိုးပြည့်စုံ**



ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦး



ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်



ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်း



ကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်း



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနေမှု လိုက်လံကြည့်ရှုအားပေးစဉ်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု လှည့်လည်ကြည့်ရှုအားပေးစဉ်။

# ၂၀၂၅-၂၀၂၆ ခုနှစ် ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား

**နေပြည်တော်  ဇွန်  ၂**

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ယနေ့နံနက်ပိုင်းမှ စတင်ဖွင့်လှစ်သင်ကြားနေပြီဖြစ်သည်။

နိုင်ငံအဝန်း၌ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ယနေ့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၈၂၂၉၅၄ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပြီး စာသင်ကျောင်းများတွင် သက်ဆိုင်ရာ အတန်းအလိုက် သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိကာ ကျောင်းသား ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံချိန်တွင် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို အခမဲ့ထုတ်ပေးပြီး KG နှင့် မူလတန်းကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများလည်း အခမဲ့ ပေးအပ်လျက်ရှိသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် စာသင်ခုံများ နေရာချထားခြင်း၊ ကျောင်း ကြို/ပို့ ယာဉ်များ စီစဉ်ပေးခြင်း၊ ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် ဥပမိရုပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးထားသည်။

နိုင်ငံအဝန်းရှိ အခြေခံပညာကျောင်းများ ယနေ့တွင် စတင်ဖွင့်လှစ်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းသင်ခန်းစာများ သင်ကြား/ သင်ယူနေမှုတို့ကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးကြသည်။

ထို့ပြင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရသည်။

ယခုလို အခြေခံပညာကျောင်းများ ဖွင့်လှစ်ကာ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါသည်-

၁။ ဒီနှစ် ကျွန်တော်တို့ကျောင်းမှာတော့ ကျောင်းသား ဦးရေက ၂၁၁၉ ဦးအထိ လက်ခံပြီးဖြစ်ပါတယ်။ မနှစ်ကတော့ ကျွန်တော်တို့ ကျောင်းသားဦးရေက ၂၆၅၉ ဦးရှိတယ်။ ဒီနှစ်ကတော့ ငလျင်ရဲ့ဒဏ်ကြောင့် တချို့တွေ ကျောင်းပြောင်းသွားတာတွေ ရှိတယ်။ နယ်ပြောင်းသွားတာလေးတွေရှိတယ်။ ကျောင်းနေတဲ့ ကလေးတွေလည်း ဘယ်လိုအခက်အခဲတွေပဲရှိရှိ ကျောင်းကိုလာတက်စေချင်တယ်။ တတ်နိုင်သလောက် နိုင်ငံတော်နဲ့ ပညာရေးဌာနကနေ အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ ထောက်ပံ့မှုပစ္စည်းတွေလည်း ပေးထားတယ်။ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံတွေက အစ ကျွန်တော်တို့ကလေးတွေကို အားလုံးထောက်ပံ့ပေးထားတယ်။ အခုဒီနှစ် ကျောင်းဖွင့်ရာသီမှာ ဇွန်လ ၂ ရက်နေ့မှစပြီးတော့ နိုင်ငံတော်နှင့် ပညာရေးဝန်ကြီးဌာနကနေပြီးတော့ ညွှန်ကြားထားတဲ့အတိုင်း ကျွန်တော်တို့ ဖွင့်မယ်။ ကျောင်းသား ကျောင်းသူတွေကို အယုတ်အလတ်အမြတ်မရွေး အားလုံးလက်ခံမယ်။ ဒါမှမဟုတ် ကျောင်းအပ်နှံရေးနေ့က

*စာမျက်နှာ ၉ သို့*



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်မှု လိုက်လံကြည့်ရှုအားပေးစဉ်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်မှု ကြည့်ရှုအားပေးစဉ်။



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (နတ်စင်ကုန်း) ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် စတင်ဖွင့်လှစ်စဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်အသီးသီးရှိ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်

### ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ယနေ့နံနက် ၉ နာရီက စတင်၍ ဖွင့်လှစ်ရာ သက်ဆိုင်ရာကျောင်းများအလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ စတင်ပညာသင်ကြားလျက်ရှိကြသည်။

ဗဟန်းမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းပေါင်း ၂၂ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ခုနစ်ကျောင်း၊ ဘုန်းတော်ကြီးပညာသင်ကျောင်း သုံးကျောင်း စုစုပေါင်း ၃၂ ကျောင်းရှိပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တစ်မြို့နယ်လုံးစာရင်းရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၃၇၇ ဦး တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



### ပဲခူး

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားရန်အတွက် ယနေ့နံနက်ပိုင်းမှ စတင်၍ ကျောင်းသား ကျောင်းသူ ၈၉၀၉၃ ဦး ကျောင်းစတင်တက်ရောက်၍ ပညာသင်ကြားလျက်ရှိသည်။

ပဲခူးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနေ့တွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၃၇ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၁၇ ကျောင်း၊ ဘုန်းတော်ကြီးပညာသင်ကျောင်း ၃၁ ကျောင်း စုစုပေါင်း ၂၈၅ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၉၀၉၃ ဦး ပျော်ရွှင်စွာ ကျောင်းတက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



### မဟာအောင်မြေ

အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးတက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်ဝက်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်(ဒုတိယနှစ်ဝက်) ပညာသင်နှစ်များ၊ ပါရဂူဘွဲ့၊ မဟာဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာ ဂုဏ်ထူးတန်းနှင့် ဘွဲ့ကြိုသင်တန်းများကို ဇွန် ၂ ရက်မှစတင်၍ ကျောင်းသား ကျောင်းသူများသည် မန္တလေးတက္ကသိုလ်ကျောင်း၌ မိမိတို့တက်ရောက်သင်ကြားနေသည့် ဘာသာရပ်၊ ပညာရပ်အသီးသီးတို့ကို စိတ်ချမ်းမြေ့ပျော်ရွှင်စွာ တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



### ကျိုက်ထို

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာဦးစီးဌာနအောက်ရှိအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများကို ဇွန် ၂ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ရာ ကျိုက်ထိုမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ကြကြောင်း သိရသည်။

ကျိုက်ထိုမြို့နယ်၌ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံမှုဆောင်ရွက်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၃၁၂၈၀ လာရောက်အပ်နှံထားကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**



### သထုံ

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ယနေ့ ဇွန် ၂ ရက်က စတင်ဖွင့်လှစ်ရာ မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရန် အေးချမ်းပျော်ရွှင်စွာ လာရောက်ကြသည်။

သထုံမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အထက်တန်းကျောင်း ၁၄ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၈ ကျောင်း၊ အလယ်တန်း ၉ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၈ ကျောင်း၊ မူလွန်ကျောင်း ၃၂ ကျောင်း၊ မူလတန်း ၁၀၈ ကျောင်းနှင့် မူလတန်း(ခွဲ)ကျောင်း တစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၁၈၀ ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်စတင်လက်ခံသည့် မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၄၈၇၁ ဦး လာရောက်ကျောင်းအပ်နှံပြီးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**



၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကယားပြည်နယ် အထက(၁) လွိုင်ကော်၌ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်ရန် လာရောက်မှုကို ဇွန် ၂ ရက်က တွေ့ရစဉ်။



*စာမျက်နှာ ၈ မှ*

မေ ၂၂ ရက်ကနေ ဇွန် ၁ ရက်လို့ပြောပေမယ့် အခုလာအပ်လည်းရပါတယ်။ ဒီဇွန်လ မကုန်မချင်း အချိန်မရွေးလာအပ်လို့ရတယ်။ အဲဒါကြောင့် ကျောင်းတက်ဖို့လည်း ဖိတ်ခေါ်ပါတယ်။ ကိုယ်နဲ့နီးစပ်ရာ ကျောင်းတွေကိုလည်း ဝင်ရောက်အပ်ကြဖို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

၂။ ကျောင်းသား

ကျွန်တော်ကတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှာ ပညာသင်ကြားနေတဲ့ Grade-12(A) မှ ကျောင်းသားတစ်ယောက် ဖြစ်ပါတယ်။ ဇွန်လဆိုတာ ကျောင်းဖွင့်ချိန်ဖြစ်တဲ့အလျောက် ကျောင်းစတက်ရမယ်။ ကျောင်းပညာတွေကို သင်ကြားကြရမယ့် Grade-12 ဟာဆိုလို့ရှိရင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ကျင်းပတဲ့အတန်းလည်းဖြစ်တဲ့အလျောက် ၂၀၂၆ ခုနှစ် မတ်လမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုကြရမှာဖြစ်တယ်။ ကျွန်တော့်အနေနဲ့ အတိုင်းမသိလည်း စိတ်လှုပ်ရှားရပါတယ်။ ကျွန်တော့်ရဲ့ အနာဂတ်ရည်မှန်းချက်ကတော့ ကျွန်တော် Grade-12 တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်စွာ ဖြေဆိုပြီးသွားရင် နိုင်ငံတကာဆက်ဆံရေးကို စိတ်ဝင်စားတယ်။ သံတမန်ရေးရာပညာနဲ့ နိုင်ငံတော်ကိုအကျိုးပြုဖို့ ရည်မှန်းချက်ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေကောင်းကျိုးအတွက် ဆက်လက်ကြိုးစားသွားမယ်လို့ ရည်မှန်းချက်ထားပါတယ်။

**သတင်းစဉ်**









### ဘီးလင်း

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်မှစတင်ကာ မြို့နယ်အသီးသီး၌ ဖွင့်လှစ်ရာ မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ စာသင်ကြားလျက်ရှိသည်။



ဘီးလင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၁၃၆ ကျောင်း ဖွင့်လှစ်ရာ ကျောင်းသို့လာရောက်ပညာ သင်ယူသည့် ကျောင်းသား ကျောင်းသူ ၂၇၀၁၅ ဦးရှိပြီး ကျောင်း တက်ရောက်မှုရာခိုင်နှုန်းမှာ ၈၇ ဒသမ ၃၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## Green Gold ကော်ဖီ သမဝါယမအသင်းမှကော်ဖီများ ဘယ်လ်ဂျီယံနိုင်ငံသို့ တင်ပို့ရောင်းချ

**တောင်ကြီး ဇွန် ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမအသင်းသားများ စုပေါင်းဖွဲ့စည်းထားသော Green Gold ကော်ဖီစိုက်ပျိုး ထုတ်လုပ်ရေး သမဝါယမအသင်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပသို့ပို့ကုန်အဖြစ် ကော်ဖီအဆန်စိမ်းများကို ပထမအကြိမ်အဖြစ် ဘယ်လ်ဂျီယံနိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် ကော်ဖီတန်ချိန် ၃၄ ဒသမ ၁၈ တန်အား ဟိုပုံးမြို့နယ်မှ ရန်ကုန်မြို့သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**



သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး

ကျော်နိုင်ဦး(ပတ်ဝန်းကျင်)

**နှစ်စဉ် ဇွန်လ ၅ ရက်နေ့ရောက်တိုင်း ကမ္ဘာ့နိုင်ငံသူ၊ နိုင်ငံသားတွေအားလုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေအပေါ် အာရုံစူးစိုက်လာမိစေဖို့၊ အသိပညာတွေ မျှဝေမြှင့်တင်နိုင်ဖို့၊ ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုတွေထဲက အချိန်အခါပေါ် မူတည်ပြီး ဖြစ်ပွားနေတဲ့ အရေးကြီးပြဿနာရပ်တွေ၊ အဓိကစိန်ခေါ်မှုတွေကို ပိုမိုသိရှိကာ အလေးထားပူးပေါင်းဖြေရှင်းနိုင်ကြစေဖို့ စတဲ့ ရည်ရွယ်ချက်ကောင်းများစွာနဲ့ ကုလသမဂ္ဂကဦးဆောင်ပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ (World Environment Day) အခမ်းအနားကို ကျင်းပပြုလုပ်ကြပါတယ်။**



လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော် ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်နေ့က ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး အလွန်အရေးပါတဲ့ ကမ္ဘာ့ပထမဆုံးအကြိမ် လူသားပတ်ဝန်းကျင်ညီလာခံ(UN Conference on the Human Environment)ကို ကုလသမဂ္ဂကကြီးမှူးပြီး ကျင်းပခဲ့ပါတယ်။ အဲဒီညီလာခံကြီးဟာ ကမ္ဘာ့နိုင်ငံသားတွေအားလုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ တက်တက်ကြွကြွ ပူးပေါင်းလာစေဖို့ စတင်တွန်းအားပေးလိုက်တဲ့ ညီလာခံကြီးဖြစ်ပြီး အဆိုပါညီလာခံ ကျင်းပပြုလုပ်ခဲ့တဲ့ ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြတာဖြစ်ပါတယ်။

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) အနေနဲ့ ၁၉၇၄ ခုနှစ်ကစပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်တွေ သတ်မှတ်ပေးခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ် အခမ်းအနားတွေကို ၁၉၈၇ ခုနှစ်ကစပြီး ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့ကြီးတွေမှာ နှစ်စဉ်လှည့်လည်ကျင်းပခဲ့ကြပါတယ်။ ၂၀၂၅ ခုနှစ်မှာ ကမ္ဘာ့အဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို အိမ်ရှင်နိုင်ငံအဖြစ် ကိုရီးယားသမ္မတနိုင်ငံမှာ ကျင်းပပြုလုပ်သွားမှာဖြစ်ပြီး ယခုနှစ်အထိမ်းအမှတ်ဆောင်ပုဒ်မှာ **"ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး (Ending Plastic Pollution Globally )"** ဖြစ်ပါတယ်။

**ဆောင်ပုဒ်၏ ရည်ရွယ်ချက်**

အဆိုပါဆောင်ပုဒ်ရဲ့ အဓိကရည်ရွယ်ချက်က ကျွန်ုပ်တို့မှီခိုရှင်သန်ရာ သဘာဝပတ်ဝန်းကျင် သန့်ရှင်းကျန်းမာဖို့အတွက် ကမ္ဘာပေါ်မှာ တစ်နေ့တခြားဆိုးရွားလာနေတဲ့ ပလတ်စတစ်ညစ်ညမ်းမှုတွေကို အဆုံးသတ်တိုက်ဖျက်သွားမယ့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်တစ်ခု ပေါ်ထွက်လာပြီး အနာဂတ်ကာလမှာ ပိုမိုကောင်းမွန်သန့်ရှင်းတဲ့ ပတ်ဝန်းကျင်တစ်ရပ်ဖြစ်လာစေရေး အစိုးရအဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံး စုပေါင်းအားနဲ့ ကြိုးပမ်းဆောင်ရွက်ဖို့ တိုက်တွန်းနှိုးဆော်ထားတာပဲ ဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလက ကိုရီးယားသမ္မတနိုင်ငံမှာ ကျင်းပခဲ့တဲ့ အဏ္ဏဝါပတ်ဝန်းကျင် အပါအဝင် ပလတ်စတစ်ညစ်ညမ်းမှုနဲ့ ပတ်သက်တဲ့ အစိုးရချင်းညှိနှိုင်းရေးကော်မတီရဲ့ ပဉ္စမအကြိမ်မြောက် အစည်းအဝေးမှာ နိုင်ငံတကာပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ တရားဝင်စည်းနှောင်မှုရှိတဲ့ သဘောတူညီချက်တစ်ခု ပေါ်ထွန်းလာစေရေး ကြိုးပမ်းချက်တွေကို ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့က အသိအမှတ်ပြု မီးမောင်းထိုးထင်ဟပ်စေမှာ ဖြစ်ပါတယ်။

**ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်**

ယနေ့ ကမ္ဘာပေါ်ကလူသားတွေ လက်တလောရင်ဆိုင်ကြုံတွေ့နေရတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်းပြဿနာသုံးရပ်ကတော့ ရာသီဥတုပြောင်းလဲဖောက်ပြန်လာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲတွေ မျိုးသုဉ်းပျောက်ကွယ်လာခြင်းနဲ့ စွန့်ပစ်ပစ္စည်းဆိုင်ရာ ပတ်ဝန်းကျင်ညစ်ညမ်းခြင်းဆိုတဲ့ အချက်သုံးချက်ဖြစ်ပါတယ်။ ပလတ်စတစ်စွန့်ပစ်အမှိုက်တွေဟာလည်း သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်းရဲ့ အဓိကစိန်ခေါ်မှုတစ်ခုဖြစ်နေပြီး သက်ရှိသတ္တဝါတွေ ရှင်သန်ရပ်တည်ရေး၊ နိုင်ငံသားအားလုံးရဲ့ ကျန်းမာရေးနဲ့ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် များစွာခြိမ်းခြောက်လျက်ရှိလာပါတယ်။

ကမ္ဘာ့လူဦးရေတိုးပွားလာခြင်းနဲ့အတူ နည်းပညာတွေ ဖွံ့ဖြိုးလာပြီး လူနေမှုအဆင့်အတန်းနဲ့ နေထိုင်မှုပုံစံတွေ တိုးတက်ပြောင်းလဲလာတာနဲ့အမျှ ပလတ်စတစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြပြီး လူသားတွေရဲ့ နေ့စဉ်ဘဝမှာ မရှိမဖြစ်လိုအပ်တဲ့ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာခဲ့ပါတယ်။ သစ်သား၊ သတ္တု၊ ဖန်ထည်၊ ကြွေထည်၊ မြေထည် စတာတွေနဲ့ ပြုလုပ်ထားတဲ့ ကုန်ပစ္စည်းတွေထက် ပလတ်စတစ်ရဲ့ ထူးကဲသာလွန်ပြီး စွဲမက်စရာကောင်းတဲ့ ဂုဏ်သတ္တိတွေကြောင့် လူ့ပတ်ဝန်းကျင် နေရာအနှံ့မှာ လွှမ်းမိုးနေရာယူလာပါတယ်။

ထုတ်လုပ်သုံးစွဲကြရာမှာ ထိန်းချုပ်မှုအားနည်းခြင်းနဲ့ စည်းကမ်းမဲ့ မဆင်မခြင်စွန့်ပစ်တာတွေကြောင့် ပလတ်စတစ်ညစ်ညမ်းမှုပြဿနာများစွာကို ယနေ့အချိန်မှာ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ စိုးရိမ်ဖွယ်ရာ တွေ့ကြုံရင်ဆိုင်လာကြရပါတယ်။

**ပလတ်စတစ် ထုတ်လုပ်သုံးစွဲမှုအခြေအနေ**

ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုဟာ ၂၀၂၃ ခုနှစ် စာရင်းတွေအရ တန်ချိန်သန်းပေါင်း ၄၀၀ ကျော်အထိ ရောက်ရှိခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ နှစ်စဉ် ပလတ်စတစ်ထုတ်လုပ်မှုဟာ ၂၀၀၀ ပြည့်နှစ်က တန်ချိန် သန်းပေါင်း ၂၃၄ သန်း ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ တန်ချိန်သန်းပေါင်း ၄၆၀ အထိ ရှိလာတဲ့အတွက် လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်ခုအတွင်းမှာ နှစ်ဆမြင့်တက်လာခဲ့ပြီး ဒီပမာဏအတိုင်းသာ ထုတ်လုပ်မှုတွေ ဆက်လက်တိုးတက် နေအုံးမယ်ဆိုရင်လာမယ့် ၂၀၅၀ ပြည့်နှစ်မှာ ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုဟာ တန်ချိန်သန်းပေါင်း ၁၁၀၀ အထိ ရောက်ရှိလာနိုင်ပါတယ်။ ဒါဟာ အဆမတန် များပြားလွန်းလှတဲ့ စိုးရိမ်ဖွယ်ရာ ထုတ်လုပ်မှုပမာဏ ဖြစ်နေပါတယ်။

ထုတ်လုပ်မှုအားလုံးရဲ့ ထက်ဝက်ခန့်ဟာလည်း တစ်ခါသုံး ပလတ်စတစ်ပစ္စည်းတွေဖြစ်ကြောင်း သိရှိရပါတယ်။ တစ်ခါသုံး ပလတ်စတစ်ဆိုတာ တစ်ကြိမ်တစ်ခါသာအသုံးပြုဖို့ ရည်ရွယ်ထုတ်လုပ်ထားတဲ့ ပလတ်စတစ်အိတ်တွေ၊ ပလတ်စတစ်ပိုက်တွေ၊ ပလတ်စတစ်ပုလင်းတွေ၊ ဖော့ဘူးတွေ၊ ကြွပ်ကြွပ်အိတ်တွေနဲ့ အစားအစာထုပ်ပိုးရာမှာ အသုံးပြုတဲ့ ပလတ်စတစ်ပစ္စည်းမျိုးစုံကို ဆိုလိုတာဖြစ်ပါတယ်။ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းတွေဟာ သယ်ယူရလွယ်ကူပြီး ထုပ်ပိုးရာမှာ ပေါ့ပါးခိုင်ခံ့ပါတယ်။ ဈေးနှုန်းအလွန်ချိုသာပြီး စွန့်ပစ်ရင်လည်း လွယ်ကူပါတယ်။

ဒီအချက်တွေကြောင့် ကမ္ဘာပေါ်မှာ နေ့စဉ်နဲ့အမျှ တစ်ခါသုံးပလတ်စတစ်တွေကို တွင်တွင်ကျယ်ကျယ် လူကြိုက်များ အသုံးပြုလျက်ရှိနေကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပလတ်စတစ် မူလကုန်ကြမ်း(ကော်စေ့ကုန်ကြမ်း) တန် ၄၀၀ ခန့် ပြည်ပမှ နှစ်စဉ်တင်သွင်းလျက်ရှိပြီး အဆိုပါတင်သွင်းမှုနှုန်းဟာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာနေကြောင်း ပလတ်စတစ်လုပ်ငန်းရှင်များအသင်းရဲ့ အချက်အလက်တွေအရ သိရှိရပါတယ်။

**ပလတ်စတစ် စွန့်ပစ်မှုအခြေအနေ**

ယနေ့အချိန်အခါမှာ ပလတ်စတစ် စွန့်ပစ်ပစ္စည်းတွေက အလွန်အန္တရာယ်ကြီးမားလှတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ် ဖြစ်လာနေပါပြီ။ ကမ္ဘာပေါ်က ထွက်ရှိလာသမျှ စွန့်ပစ်အမှိုက်မျိုးစုံ စုစုပေါင်းရဲ့ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းက ပလတ်စတစ်တွေပဲ ဖြစ်လို့နေပါတယ်။ နှစ်စဉ် ပလတ်စတစ်အမှိုက်တန်ချိန် သန်းပေါင်း ၃၅၀ ခန့် ပတ်ဝန်းကျင်ရှိ ရေမြေထဲကို စွန့်ပစ်လျက်ရှိနေကြပါတယ်။

ဒီလို စွန့်ပစ်နေမှုအနက်က ပလတ်စတစ် တန်ချိန် ၉ သန်းမှ ၁၄ သန်းအထိဟာ ပင်လယ်သမုဒ္ဒရာထဲကို နှစ်စဉ်စီးဝင်ရောက်ရှိနေပါတယ်။ အဏ္ဏဝါပင်လယ်ပြင်ထဲက အမှိုက်သရိုက်တွေကို အမျိုးအစားခွဲခြားကြည့်ရင် ၈၅ ရာခိုင်နှုန်းက ပလတ်စတစ် စွန့်ပစ်ပစ္စည်းတွေချည်း ဖြစ်နေပါတယ်။ ကမ္ဘာတစ်ဝန်းကလူတွေဟာ တစ်မိနစ်တိုင်းမှာ ရေနဲ့အချိုရည်ထည့်တဲ့ ပလတ်စတစ်ဘူးပေါင်း တစ်သန်းကျော် ဝယ်ယူသောက်သုံး၍ စွန့်ပစ်နေကြကြောင်းနဲ့ တစ်နှစ်မှာ ပလတ်စတစ်အိတ်ပေါင်း ငါးထရီလီယံကျော် သုံးစွဲနေကြကြောင်း ပညာရှင်တွေရဲ့ ခန့်မှန်းချက်တွေအရ သိရှိရပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ဧရာဝတီမြစ်ထဲကို ပလတ်စတစ်အမှိုက်တန်ချိန် ၁၁၉ တန်ခန့် နေ့စဉ်နဲ့အမျှ ရောက်ရှိနေကြောင်း စစ်တမ်းတွေအရ သိရှိရပါတယ်။ သတိပြုဆင်ခြင်ရမယ့် စွန့်ပစ်မှုပမာဏ ဖြစ်ပါတယ်။

**ပလတ်စတစ်၏ ဆိုးကျိုးများ**

တစ်ခါသုံး ပလတ်စတစ်ထုတ်ကုန်ပစ္စည်းတွေရဲ့ ၉၈ ရာခိုင်နှုန်းကို ရေနံ၊ သဘာဝဓာတ်ငွေ့စတဲ့ ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်သော သဘာဝသယံဇာတအရင်းအမြစ်တွေကို အသုံးပြုပြီး ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ပလတ်စတစ်ပစ္စည်းတွေ စတင်ထုတ်လုပ်တဲ့ အဆင့်၊ အသုံးပြုတဲ့အဆင့်မှသည် စွန့်ပစ်တဲ့အဆင့်အထိ သူ့ရဲ့သက်တမ်းကာလတစ်လျှောက်လုံးမှာ ဆိုးကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်စေပါတယ်။

ပထမဦးစွာ ပလတ်စတစ်တွေ စတင်ထုတ်လုပ်တဲ့အချိန်မှာ ဘေးထွက်ပစ္စည်းအဖြစ် ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း စတဲ့ ဓာတ်ငွေ့အမျိုးမျိုး ထုတ်လွှတ်တာကြောင့် လေထုညစ်ညမ်းမှုကို ဆိုးရွားစွာ ဖြစ်ပေါ်စေပါတယ်။ ဒါ့အပြင် ထွက်ရှိလာတဲ့ မှန်လုံအိမ်ဓာတ်ငွေ့တွေကြောင့် ကမ္ဘာပူနွေးမှုနဲ့ ရာသီဥတုပြောင်းလဲမှုကို ပိုမိုတွန်းအားပေးဖြစ်ပေါ်စေပါတယ်။ ရုပ်ကြွင်းလောင်စာတွေ အသုံးပြုထားတဲ့ ပလတ်စတစ် ထုတ်လုပ်မှုတွေကတစ်ဆင့် လေထုထဲကို မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုဟာ ကမ္ဘာ့ကာဗွန်စုစုပေါင်းရဲ့ ၁၉ ရာခိုင်နှုန်းအထိ တိုးပွားနေကြောင်း စစ်တမ်းတွေအရ သိရှိရပါတယ်။

ဒုတိယအနေနဲ့ အသုံးပြုတဲ့အဆင့်မှာ ပလတ်စတစ်မှာပါတဲ့ ဓာတုပစ္စည်းတွေကြောင့် လူသားတွေကို အဆိပ်အတောက်ဖြစ်စေနိုင်ပါတယ်။ ဥပမာအားဖြင့် ပူလောင်တဲ့ အစားအသောက်တွေကို ကြွပ်ကြွပ်အိတ်နဲ့ တစ်ခါသုံး ပလတ်စတစ်တွေထဲကို ထုပ်ပိုးသယ်ဆောင်ကြတဲ့အခါ ပလတ်စတစ်မှာပါဝင်တဲ့ ခဲဓာတ်၊ အဆိပ်ဓာတ်နဲ့ အရောင်ဆိုးဆေးတွေဟာ အပူနဲ့ထိတွေ့မိပြီး အစားအစာထဲကို ပုံမှန်ထက် ပိုမိုလျင်မြန်စွာစိမ့်ဝင်ကာ ကင်ဆာရောဂါအပါအဝင် လူသားတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေပါတယ်။

တတိယအချက်အနေနဲ့ အသုံးပြုပြီးနောက် စွန့်ပစ်တဲ့အဆင့်မှာလည်း ပလတ်စတစ်အမှိုက်တွေကို စနစ်တကျမစွန့်ပစ်ပါက မြို့၊ ရွာရဲ့ သန့်ရှင်းသာယာလှပမှုကို အရုပ်ဆိုး အကျည်းတန်စေတဲ့အပြင် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေပါတယ်။ ပလတ်စတစ်ပစ္စည်းတွေရဲ့ ဓာတ်ဖွဲ့စည်းမှုအရ မြေကြီးထဲမှာ သဘာဝအလျောက် မပျက်စီးလွယ်ဘဲ နှစ်ပေါင်းရာနဲ့ချီကြာမှသာ ပြိုကွဲဆွေးမြည့်နိုင်တဲ့အတွက် သဘာဝမြေဆီလွှာတွေကို ထိခိုက်ပျက်စီးစေပြီး စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ သစ်တော/ သစ်ပင်တွေ ရှင်သန်ပေါက်ရောက်မှုကို များစွာထိခိုက်စေရပါတယ်။

စည်းကမ်းမဲ့စွန့်ပစ်ထားတဲ့ ပလတ်စတစ်အမှိုက်တွေဟာ ကုန်းမြေပေါ်ကတစ်ဆင့် ရေမြောင်းတွေ၊ မြစ်ချောင်းတွေရဲ့ စီးဆင်းမှုတွေကို ပိတ်ဆို့သွားပြီး မြို့လယ်ကောင်မှာပင် ရေကြီးရေလျှံမှုတွေ မကြာခဏမြင်တွေ့ကြရပါတယ်။ ပလတ်စတစ်စွန့်ပစ်အမှိုက်တွေဟာ ရေထုညစ်ညမ်းစေပြီး အဖိုးတန်ရေချိုသယံဇာတတွေ ဆုံးရှုံးစေနိုင်ပါတယ်။ မြစ်ချောင်းတွေကတစ်ဆင့် ပင်လယ်သမုဒ္ဒရာထဲကို ရောက်ရှိသွားတဲ့အခါမှာလည်း အဏ္ဏဝါညစ်ညမ်းမှုနဲ့ အဏ္ဏဝါဂေဟစနစ်တွေ ထိခိုက်ပျက်စီးကြရပါတယ်။ ပင်လယ်သမုဒ္ဒရာတွေထဲက ပလတ်စတစ် စွန့်ပစ်ပစ္စည်းတွေဟာ ရေနေသတ္တဝါတွေကို တွယ်ငြိမိခြင်း၊ သေးငယ်တဲ့ ပလတ်စတစ်အပိုင်းအစတွေကို ရေနေသတ္တဝါတွေက စားသုံးမိကြတဲ့အတွက် အစာချေဖျက်မှုဆိုင်ရာပြဿနာတွေနဲ့ သေဆုံးမှုတွေ ဖြစ်ပွားကြရပါတယ်။

ပလတ်စတစ်စွန့်ပစ်အမှိုက်တွေကို မီးရှို့ဖျက်ဆီးပါကလည်း အီသိုင်လင်းအောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ ဒိုင်အောက်စင် စတဲ့အဆိပ်ဓာတ်ငွေ့တွေ ထွက်ရှိလာပြီး လေထုညစ်ညမ်းမှုကို ဖြစ်စေတဲ့အပြင် အဆိုပါဓာတ်ငွေ့တွေကို ရှူရှိုက်မိတဲ့သူရဲ့ သွေးနဲ့ဆီးထဲအထိ ရောက်ရှိသွားနိုင်ပြီး ကင်ဆာကဲ့သို့ ရောဂါအမျိုးမျိုးဖြစ်စေနိုင်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဒါကြောင့် ကုန်းမြေပေါ်မှာသာမက ရေထုနဲ့ လေထုထဲအထိပါ ကောင်းကျိုးတစ်ခုမျှမပြုတဲ့ ပလတ်စတစ်ပစ္စည်းတွေဟာ ထုတ်လုပ်တဲ့အဆင့်မှသည် အသုံးပြုပြီး စွန့်ပစ်တဲ့အဆင့်အထိ ကာလတစ်လျှောက်လုံးမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းစေရုံမျှမက သက်ရှိသတ္တဝါတွေအားလုံးအပေါ် ဆိုးကျိုးအန္တရာယ်တွေ သက်ရောက်စေနိုင်ပါတယ်။

**မိုက်ခရိုပလတ်စတစ် (Microplastics)**

မိုက်ခရိုပလတ်စတစ်လို့ ခေါ်ကြတဲ့ အလွန်သေးငယ်တဲ့ ပလတ်စတစ်အမှုန်အမွှားတွေဟာ အရွယ်အစားအနေနဲ့ ၅ မီလီမီတာအောက်သာရှိပြီး ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေ လေနဲ့ရေထဲမှာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးခြင်းနဲ့ ပလတ်စတစ်ပစ္စည်းတွေ စတင်ထုတ်လုပ်စဉ်က ထွက်ရှိလာကြတာဖြစ်ပါတယ်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေဟာ အချိန်ကြာလာတာနဲ့အမျှ Microplastics အရွယ်အစားအထိ တစ်စတစ်စ ပြိုကွဲပျက်စီးသွားရင်တောင် ပလတ်စတစ်ထဲမှာပါတဲ့ ဆိုးရွားတဲ့ ဓာတ်ဂုဏ်သတ္တိတွေဟာ ပျောက်ပျက်မသွားပါဘူး။

ယနေ့အချိန်အခါမှာ မိုက်ခရိုပလတ်စတစ်တွေက ပင်လယ်သမုဒ္ဒရာတွေ၊ မြစ်ချောင်းတွေ၊ လေထုအတွင်းနဲ့ ကျွန်ုပ်တို့ရဲ့ နေ့စဉ်အစားအစာတွေထဲထိအောင် နေရာတကာမှာ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်ပါတယ်။ စွန့်ပစ်ရေဆိုးသန့်စင်တဲ့ စက်ရုံတွေမှာတောင် မိုက်ခရိုပလတ်စတစ် အမှုန်အမွှားတွေကို စစ်ထုတ်သန့်စင်ဖို့ ခက်ခဲနေကြပါတယ်။ မိုက်ခရိုပလတ်စတစ်တွေကို ရေနေသတ္တဝါတွေက သူတို့ရဲ့ အစားအစာအမှတ်နဲ့ မှားယွင်းစားသုံးမိနေကြလို့ အဏ္ဏဝါမျိုးစိတ်ပေါင်း ၁၁၄ မျိုးရဲ့ခန္ဓာကိုယ်ထဲမှာ မိုက်ခရိုပလတ်စတစ်တွေကို တွေ့ရှိနေရကြောင်း သိပ္ပံပညာရှင်တွေက ဆိုကြပါတယ်။

မိုက်ခရိုပလတ်စတစ်တွေ ပါဝင်နေတဲ့ညစ်ညမ်းရေ၊ လေနဲ့ အစားအစာတွေကတစ်ဆင့် နောက်ဆုံးမှာ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေထဲအထိ ထိုးဖောက်ရောက်ရှိလာကြပါတယ်။ ဒါကြောင့် မိုက်ခရိုပလတ်စတစ်တွေကို ပင်လယ်ထဲက အသံတိတ် လူသတ်သမားဟုပင် ခေါ်ဆိုလာကြပါတယ်။

လေ့လာတွေ့ရှိချက်တွေအရ လူတစ်ဦးဟာ တစ်နှစ်မှာ Microplastics အမှုန်အမွှား ခန့်မှန်း ၃၉၀၀၀ မှ ၅၂၀၀၀ အထိ အစာလမ်းကြောင်းကတစ်ဆင့် ခန္ဓာကိုယ်ထဲကို ရောက်ရှိနိုင်ပါတယ်။ ဒါ့အပြင် အသက်အရွယ်ပေါ် မူတည်ပြီး Micro-plastics အမှုန်အမွှား ၇၄၀၀၀ မှ ၁၂၁၀၀၀ အထိ အသက်ရှူလမ်းကြောင်းကတစ်ဆင့် ခန္ဓာကိုယ်ထဲကို ဝင်ရောက်နိုင်ပါတယ်။ လူသားတွေရဲ့အဆုတ်နဲ့ သွေးထဲမှာသာမက ကိုယ်ဝန်ဆောင်မိခင်တွေရဲ့ အချင်းထဲအထိပါ Microplastics တွေကို တွေ့ရှိနေရကြောင်း သုတေသနပြုချက်တွေအရ သိရှိရပါတယ်။ ဆိုးကျိုးအနေနဲ့ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အဆုတ်ပျက်စီးခြင်း၊ အဆစ်အမြစ်ရောင်ရမ်းခြင်း၊ ဟော်မုန်းပြောင်းလဲခြင်း၊ အာရုံကြောရောဂါဖြစ်ခြင်း၊ လေဖြတ်ခြင်းနဲ့ မျိုးပွားမှုထိခိုက်ခြင်း စတဲ့ရောဂါဝေဒနာတွေ ဖြစ်ပွားနိုင်ပါတယ်။

**ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး ကြိုးပမ်းဆောင်ရွက်မှုများ**

လက်ရှိအချိန်မှာ ပလတ်စတစ်ညစ်ညမ်းမှုဟာ အရေးတကြီး ကိုင်တွယ်ဖြေရှင်းရမယ့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေတဲ့အတွက် ကမ္ဘာတစ်ဝန်းလုံးမှာ ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးလုပ်ငန်းတွေကို အထူးအလေးထား လုပ်ဆောင်နေကြပါတယ်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့မှာကျင်းပခဲ့တဲ့ ပဉ္စမအကြိမ် ကုလသမဂ္ဂပတ်ဝန်းကျင်ညီလာခံ (United Nations Environment Assembly-UNEA-5.2) ရဲ့ ဆုံးဖြတ်ချက် အမှတ်(၅/၁၄)မှာ ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ဖို့ ဥပဒေကြောင်းအရ စည်းနှောင်မှုရှိတဲ့ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် ပေါ်ပေါက်လာစေရေး End Plastic Pollution: Towards an International Legally Binding Instrument ကို အတည်ပြုခဲ့ကြပါတယ်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ၂၀၁၉ ခုနှစ် ဇွန်လအတွင်းက ကျင်းပခဲ့တဲ့ (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ အဏ္ဏဝါအမှိုက်သရိုက်တိုက်ဖျက်ရေးဆိုင်ရာ ဗန်ကောက် ကြေညာစာတမ်းနှင့် အာဆီယံမူဘောင်ကို သဘောတူချမှတ်ခဲ့ကြပြီး မြန်မာနိုင်ငံအနေနဲ့လည်း ဒေသတွင်း လုပ်ငန်းအစီအစဉ်တွေမှာ အခြားအာဆီယံနိုင်ငံတွေနည်းတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။

ဂျပန်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေအဖွဲ့ရဲ့ နည်းပညာအထောက်အပံ့နဲ့ မြန်မာနိုင်ငံမှာ “Strengthening Capacity for Marine Debris Reduction in ASEAN region through formulation of National Action Plans for ASEAN Member States and Integrated Land-to-Sea Policy Approach (Phase-2)” စီမံကိန်းကို ဆောင်ရွက်ခဲ့ပြီး အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ် (National Plastic Management Action Plan-NPMAP) ကို ရေးဆွဲခဲ့ပြီး ယခုအခါ အတည်ပြုထုတ်ပြန်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းအစီအစဉ်ရဲ့ အဓိက မျှော်မှန်းချက်ကတော့ ပလတ်စတစ်တွေ စတင်ထုတ်လုပ်မှုမှသည် ၎င်းရဲ့သက်တမ်းတစ်လျှောက်မှာ အရင်းအမြစ်တွေကို အကျိုးရှိစွာ အသုံးချနိုင်တဲ့ ပတ်လည်စီးပွားရေးစနစ် ပေါ်ပေါက်လာစေရေး တွန်းအားပေးခြင်းဖြင့် ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်စေရေးပင် ဖြစ်ပါတယ်။

> **❝ နေ့စဉ်လူနေမှုဘဝအတွက် မရှိမဖြစ်အသုံးပြုနေကြရတဲ့ ပလတ်စတစ်တွေကို ကျွန်ုပ်တို့ လူ့ပတ်ဝန်းကျင်ကနေ လုံးဝဖယ်ထုတ်ပစ်လို့ မရနိုင်ပေမယ့် ပလတ်စတစ်ညစ်ညမ်းမှုကိုတော့ စနစ်ကျတဲ့ နည်းလမ်းကောင်းတွေနဲ့အတူ သေချာပေါက် ကန့်သတ်ထိန်းချုပ်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးအတွက် အထူးအလေးပေး ဆောင်ရွက်လျက်ရှိနေသလို ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပြည်သူလူထုတို့ဟာ တက်ကြွစွာ စုပေါင်းဆောင်ရွက်ကြဖို့ လွန်စွာအရေးကြီးလှပါတယ် ❞**

ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်းကို ထိန်းချုပ်ရေးဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်းရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံဟာ ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေ တင်သွင်း၊ တင်ပို့ခြင်းကိစ္စရပ်တွေမှာ ကွန်ဗင်းရှင်းပါ ကတိကဝတ်တွေနဲ့အညီ သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ စနစ်တကျ ထိန်းချုပ် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၂၀ ပြည့်နှစ်က အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ကို အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်ကာ စွန့်ပစ်ပစ္စည်းတွေကို စနစ်တကျစီမံခန့်ခွဲနိုင်ဖို့နဲ့ ပလတ်စတစ်စွန့်ပစ်အမှိုက်တွေကို ဦးစားပေး စီမံခန့်ခွဲနိုင်ဖို့ အလေးထား ဆောင်ရွက်လျက်ရှိနေပါတယ်။ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီတွေ ဖွဲ့စည်းထားရှိပြီး အဆိုပါ ကော်မတီများအနေနဲ့ ပလတ်စတစ် ညစ်ညမ်းမှုလျှော့ချနိုင်ဖို့အတွက် ဘက်ပေါင်းစုံမှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။

**လိုက်နာဆောင်ရွက်ရမည့် အချက်များ**

အစားအစာထုပ်ပိုးရာကစလို့ ယာဉ်၊ လူ့အသုံးအဆောင်၊ ပရိဘောဂ၊ လျှပ်စစ်ပစ္စည်းနဲ့ ဆေးရုံသုံးပစ္စည်းအမျိုးမျိုးတို့အထိ နေ့စဉ်လူနေမှုဘဝအတွက် မရှိမဖြစ်အသုံးပြုနေကြရတဲ့ ပလတ်စတစ်တွေကို ကျွန်ုပ်တို့လူ့ပတ်ဝန်းကျင်ကနေ လုံးဝဖယ်ထုတ်ပစ်လို့ မရနိုင်ပေမယ့် ပလတ်စတစ်ညစ်ညမ်းမှုကိုတော့ စနစ်ကျတဲ့ နည်းလမ်းကောင်းတွေနဲ့အတူ သေချာပေါက် ကန့်သတ်ထိန်းချုပ်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးအတွက် အထူးအလေးပေး ဆောင်ရွက်လျက်ရှိနေသလို ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပြည်သူလူထုတို့ဟာ တက်ကြွစွာ စုပေါင်းဆောင်ရွက်ကြဖို့ လွန်စွာအရေးကြီးလှပါတယ်။

နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံရဲ့အခြေအနေနဲ့ သင့်လျော်တဲ့ ပလတ်စတစ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်တွေ ထုတ်ပြန်ပြဋ္ဌာန်းပြီး သက်ဆိုင်ရာဌာနတွေက ထိထိရောက်ရောက် အကောင်အထည်ဖော်သွားကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရေရှည်အတွက် ကောင်းမွန်ပြီး စနစ်ကျတဲ့ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွေဟာ ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို လက်တွေ့ဆောင်ရွက်နေကြတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့ အမှိုက်ခွဲခြားစွန့်ပစ်တဲ့စနစ်နဲ့ အမှိုက်ခွဲခြားသိမ်းဆည်းတဲ့စနစ်တို့ကိုလည်း ပိုမိုတိုးတက်ကောင်းမွန်လာစေရေး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ အသိပညာပေး လှုပ်ရှားမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရင်း ရေရှည်တည်တံ့တဲ့ ထုတ်လုပ်မှုနဲ့ စားသုံးမှုပုံစံတွေ မြှင့်တင်ပေးဖို့၊ တစ်ခါသုံး ပလတ်စတစ်တွေကို လျှော့ချနိုင်ဖို့နဲ့ Recycle လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ ထောက်ပံ့တွန်းအားပေးကြရမှာ ဖြစ်ပါတယ်။

ပလတ်စတစ်ထုတ်လုပ်သူ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်တွေအနေနဲ့ စွန့်ပစ်ပစ္စည်းတွေကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိတဲ့ နည်းလမ်းတွေနဲ့ တာဝန်ယူစီမံဆောင်ရွက်ကြရပါမယ်။ အလွယ်တကူ ဆွေးမြည့်နိုင်တဲ့ Bio-degradable Plastics တွေ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းခြင်း၊ တစ်ခါသုံး ပလတ်စတစ် အစားထိုးပစ္စည်းတွေ တိုးမြှင့်ထုတ်လုပ်ခြင်း၊ ဈေးဆိုင်တွေမှာ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းတွေ အခမဲ့ပေးခြင်းကို ရှောင်ရှားခြင်းနဲ့ အသုံးပြုလိုပါက သီးခြားအဖိုးအခကောက်ခံခြင်း စတဲ့အချက်တွေကို အလေးထားဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ထုတ်လုပ်သူက တာဝန်ယူဖြေရှင်းဆောင်ရွက်ရမယ့် သတ်မှတ်ချက် (Extended Producer Responsibility- EPR)ကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ကြဖို့လည်း အရေးကြီးပါတယ်။ ဒါ့အပြင် ယနေ့ကမ္ဘာပေါ်မှာ ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေကို ပြန်လည်ပြုပြင်သုံးစွဲနှုန်း (Recycling Rate)ဟာ ပလတ်စတစ် ထုတ်လုပ်မှုစုစုပေါင်းရဲ့ ၁၀ ရာခိုင်နှုန်းအောက်သာ ရှိနေသေးတဲ့အတွက် Recycle လုပ်ငန်းတွေ ပိုမိုအားကောင်းလာဖို့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

စွန့်ပစ်ပစ္စည်း ထွက်ရှိမှုအနည်းဆုံးနဲ့ ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေတဲ့ ပတ်လည်စီးပွားရေးစနစ်(Circular Economy)ကို အကောင်အထည်ဖော်ကြဖို့လည်း အထူးလိုအပ်လှပါတယ်။ ပတ်လည်စီးပွားရေးစနစ်ကိုသာ အသွင်ကူးပြောင်းလုပ်ဆောင်နိုင်မယ်ဆိုရင် လာမယ့် ၂၀၄၀ ပြည့်နှစ်မှာ ပင်လယ်သမုဒ္ဒရာတွေထဲကို ရောက်ရှိလာမယ့် ပလတ်စတစ်ထုရဲ့ ၈၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်မှာဖြစ်ပြီး ပလတ်စတစ်ထုတ်လုပ်မှု ၅၅ ရာခိုင်နှုန်းခန့်ကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

ကျွန်ုပ်တို့ ပြည်သူတွေကလည်း အစားအသောက်တွေနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ထုပ်ပိုးသယ်ဆောင်ကြတဲ့အခါ ဟိုယခင်နှစ်ပေါင်း ၃၀ ကျော်ခန့်က မိရိုးဖလာအသုံးပြုခဲ့တဲ့ အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်၊ စက္ကူအိတ်တို့အပြင် ကိုယ်ပိုင်ထမင်းချိုင့်၊ ထမင်းဘူး၊ ဓာတ်ဘူး၊ ရေဘူး၊ လက်ဆွဲခြင်း၊ ချည်နဲ့ ပြုလုပ်ထားတဲ့ ဈေးဝယ်အိတ်စတာတွေကို အသုံးပြုပြီး တစ်ခါသုံး ပလတ်စတစ်တွေ သုံးစွဲမှုကို လျှော့ချခြင်း (Reduce)၊ ပြန်လည်အသုံးပြုခြင်း(Reuse)နဲ့ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း(Recycle) ဆိုတဲ့ 3R နည်းလမ်းတွေကို လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ပတ်ဝန်းကျင်ထိခိုက်မှုမရှိတဲ့ ပလတ်စတစ် အစားထိုးပစ္စည်းတွေကို သုံးစွဲရင်း တစ်ခါသုံးပလတ်စတစ်တွေကို ငြင်းဆန်ခြင်း(Reject) နဲ့ ပြန်လည်ပြုပြင်ထုတ်လုပ်တဲ့နေရာတွေဆီကို ပို့ဆောင်ခြင်း (Return) စတဲ့အချက်တွေကိုလည်း အလေးထား လိုက်နာဆောင်ရွက်ကြရပါမယ်။ အမှိုက်တွေကို လဟာပြင်မီးရှို့ခြင်းနဲ့ မြစ်ချောင်းတွေထဲကို တိုက်ရိုက်စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ကြရမှာ ဖြစ်ပါတယ်။

မိမိတို့သုံးစွဲလိုက်တဲ့ ပလတ်စတစ် အပါအဝင် အခြားစွန့်ပစ်အမှိုက်တွေကို သတ်မှတ်ထားတဲ့ နေရာတွေမှာ စည်းကမ်းချက်တွေနဲ့အညီ စနစ်တကျစွန့်ပစ်ကြရမှာဖြစ်ပါတယ်။ ဒီလို လူတိုင်း အလွယ်တကူလုပ်ဆောင်နိုင်တဲ့ နည်းလမ်းလေးတွေကို နေ့စဉ်နဲ့အမျှ အလေ့အကျင့်ဖြစ်လာတဲ့အထိ ကျင့်သုံးလိုက်နာကြရပါမယ်။ ကမ္ဘာမြေကြီးအတွက် စိုးရိမ်ပူပန်စရာ ပလတ်စတစ်ညစ်ညမ်းမှု ပြဿနာကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေက ကျွန်ုပ်တို့ရဲ့ လက်ဝယ်မှာအသင့်ရှိနေပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ပဲ လိုအပ်ပါတယ်။

**တိုက်တွန်းနှိုးဆော်ချက်**

ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ဖို့အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေ၊ အစိုးရဌာနတွေ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကလုပ်ငန်းကဏ္ဍနဲ့ ကျွန်ုပ်တို့ ပြည်သူအားလုံးက လက်တွဲညီညီပူးပေါင်းပြီး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြဖို့ အချိန်တန်ပါပြီ။ ကြွပ်ကြွပ်အိတ်အပါအဝင် တစ်ခါသုံး ပလတ်စတစ်တွေကို မဆင်မခြင် ဆက်လက်ထုတ်လုပ်သုံးစွဲစွန့်ပစ်နေသမျှ ကာလပတ်လုံး ကမ္ဘာပေါ်က ပလတ်စတစ်ညစ်ညမ်းမှုဟာ တစ်နေ့တခြား ဆက်လက်တိုးပွားနေအုံးမှာ ဖြစ်ပါတယ်။ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းတွေ ထုတ်လုပ်သုံးစွဲမှုကို လျှော့ချနိုင်ဖို့နဲ့ ရေရှည်စဉ်ဆက်မပြတ် ဖြစ်တဲ့ အခြားနည်းလမ်းကောင်းတွေကိုလည်း အတူတကွ ပူးပေါင်းရှာဖွေ ဖော်ထုတ်ကြရပါမယ်။

ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးပြီး ကောင်းမွန်ခိုင်လုံတဲ့ စီမံခန့်ခွဲမှုစနစ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့အတူ လက်တွဲညီညီ လိုက်နာအကောင်အထည်ဖော်သွားကြရရင် အောင်မြင်မှု မလွဲမသွေ ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့လူသားတွေ ရှင်သန်နေထိုင်ရာ တစ်ခုတည်းသော ဤကမ္ဘာမြေကြီး စိမ်းလန်းသာယာပြီး အနာဂတ်မျိုးဆက်သစ်တွေအတွက် ပျော်ရွှင်စရာ ကမ္ဘာမြေအဖြစ် လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ကြစေဖို့ ပလတ်စတစ် ညစ်ညမ်းမှုအဆုံးသတ်ရေး အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ ပြည်သူလူထုတစ်ရပ်လုံးက စုပေါင်းအားနဲ့ ပူးပေါင်းပါဝင်ကြပါလို့ အလေးအနက်တိုက်တွန်းရင်း **၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့**ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါတယ်။ ။

# Naypyitaw State Academy ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယပညာသင်ကာလ သင်တန်းများ စတင်ဖွင့်လှစ်

နေပြည်တော် ဇွန် ၂

Naypyitaw State Academy ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယပညာသင်ကာလ သင်တန်းများ အားလုံးကို ယနေ့တွင် စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။(ယာပုံ)



Naypyitaw State Academy ၏ အတန်းအသီးသီးသို့ ကျောင်းတက်ရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားစေရေးအတွက် တက္ကသိုလ်၏ ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများက လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။

Naypyitaw State Academy တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ ဥပဒေပညာ၊ လူမှုရေးပညာ၊ အားကစားပညာနှင့်ဆေးပညာ အထူးပြုဘာသာရပ်များ၏ ပထမနှစ်မှ နောက်ဆုံးနှစ်ဂုဏ်ထူးတန်းအထိ ဘွဲ့ကြိုသင်တန်းများ၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ Naypyitaw State Academy တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း တာဝန်ထမ်းဆောင်နေသော အစိုးရဝန်ထမ်းမိသားစုများ၏ သားသမီးများ၊ ပျဉ်းမနား၊ နေပြည်တော်(သို့မဟုတ်) လယ်ဝေး၊ တပ်ကုန်း၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ဇေယျာသီရိ၊ ဒက္ခိဏသီရိမြို့နယ်များမှ ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

သတင်းစဉ်



## တောင်ငူတက္ကသိုလ်၌ နွေသင်တန်း ကျောင်းသား ကျောင်းသူများ၏ ပုံမှန်သင်တန်းများ စတင်ဖွင့်လှစ်

တောင်ငူ ဇွန် ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် နွေသင်တန်း ကျောင်းသား ကျောင်းသူများ၏ ပုံမှန်သင်တန်းများကို မေ ၂၅ ရက်မှ စတင်ကျောင်းအပ်လက်ခံခဲ့ပြီး ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်သည်။

အဆိုပါပုံမှန်နွေသင်တန်းများတွင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ်(ဥပဒေ)၊ ပထမနှစ်ဂုဏ်ထူးတန်း၊ ဒုတိယနှစ်ဂုဏ်ထူးတန်း၊ တတိယနှစ်ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ ပထမနှစ်မဟာတန်း၊ ဒုတိယနှစ် မဟာတန်းတို့ကို ပညာသင်ကာလအလိုက် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။ ခရိုင်(ပြန်/ဆက်)

## မော်လမြိုင်တက္ကသိုလ်၌ ဒုတိယစာသင်နှစ်ဝက်သင်တန်းများနှင့် ပထမနှစ်ဝက် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်

မော်လမြိုင် ဇွန် ၂

မော်လမြိုင်တက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ဒုတိယစာသင်နှစ်ဝက် သင်တန်းများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမစာသင်နှစ်ဝက်ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို ဇွန် ၂ ရက်က စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ တက္ကသိုလ်အသီးသီးတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ဒုတိယစာသင်နှစ်ဝက်သင်တန်းများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ပထမစာသင်နှစ်ဝက် ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)



## ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၌ လျောင်ကြောင့် ရပ်နားခဲ့သည့်စာမေးပွဲများအတွက် အစားထိုးစာမေးပွဲများကျင်းပ



တောင်ငူ ဇွန် ၂

ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ် (တောင်ငူ) ၌ မန္တလေးငလျင်ကြီးကြောင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မတ်လတွင် ရပ်နားခဲ့သည့် စာမေးပွဲများအတွက် အစားထိုးစာမေးပွဲများကို ယနေ့နံနက်ပိုင်းက စတင်၍ ဖြေဆိုကျင်းပလျက်ရှိသည်။

ထိုသို့ စာမေးပွဲဖြေဆိုကျင်းပရာတွင် ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)၌ စာရင်းရှိကျောင်းသား ၁၈၃ ဦး၊ ကျောင်းသူ ၃၁၇ ဦး စုစုပေါင်း ၅၀၀ ရှိရာ ဖြေဆိုသူ စုစုပေါင်း ၄၉၈ ဦးရှိပြီး ပျက်ကွက်သူ နှစ်ဦးရှိသည်။ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေး ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)ပညာရေးအဖွဲ့မှ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၁၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၁၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၁၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၁၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၁၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၁၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၁၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၁၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၁၀၂၅၁၇၊ ၀၉- ၂၅၅၁၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၁၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၁၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကော့သောင်းမြို့၌ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်ဂိတ် အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

**ကော့သောင်း ဇွန် ၂**

ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ကမ်းနားလမ်းရှိ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်ဂိတ် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂ ရက် နံနက်က ကျင်းပသည်။

အဆောက်အအုံသစ်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်ဂိတ်အဆောက်အအုံသစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံခြားသင်္ဘောများနှင့် စက်လှေများ မြို့မဆိပ်ခံတံတားကို ပိုမို ဝင်/ထွက် ဆိုက်ကပ်လာ၍ တိုးတက်လာသည့်ခေတ်နှင့်အညီ နှစ်ပေါင်း(၆၀)ခန့် အဆောက်အအုံကို မြန်မာ့ယဉ်ကျေးမှု အနုသုခုမလက်ရာများဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံကြား ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် လူမှုစီးပွားဆက်သွယ်ရေးကို မြှင့်တင်ရန်၊ နယ်စပ်ဖြတ်သန်းမှု စနစ်တကျဖြစ်စေရန် နိုင်ငံတကာအဆင့်မီသည့် နယ်စပ်ဝင်/ထွက်ဂိတ် အဆောက်အအုံအဖြစ် ယခုလိုပြင်ဆင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လာမည့်ခရီးသွားရာသီများတွင် နေ့ချင်းပြန် ညအိပ် ကျွန်းအလည်အပတ်ခရီးစဉ်များဖြင့် လာရောက်လည်ပတ်ပြီး ကော့သောင်းမြို့၏ သဘာဝအလှတရားများဖြစ်သည့် ရေ၊ မြေ၊ တော၊ တောင်တို့၏ အလှတရားများကို ကြည့်ရှုခံစားမည့် နိုင်ငံခြားခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာနိုင်ကြောင်း၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များ မိမိတို့ဒေသကို လာရောက်လည်ပတ်သည့်အခါတွင် မြို့၏ နယ်စပ်ဝင်ပေါက်/ထွက်ပေါက် အထိမ်းအမှတ်တစ်ခုသည် ယခုကဲ့သို့ ခမ်းနားကြီးကျယ်ပြီး မြန်မာ့ယဉ်ကျေးမှု အနုသုခုမလက်ရာများဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံကို စတင်မြင်တွေ့လိုက်သည်နှင့် ဂုဏ်ယူဖွယ်ရာရရှိပြီး ကော့သောင်းမြို့၏ တိုးတက်လာသည့် လူနေမှုအဆင့်အတန်းများကိုလည်း သိရှိနားလည်ပြီးသားဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နယ်စပ်ဂိတ်အဆောက်အအုံသစ်အတွင်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က နယ်စပ်ဂိတ်မှ ဆိုက်ရောက်ထွက်ခွာကြမည့် မြန်မာနိုင်ငံ ကော့သောင်းမြို့နှင့် ထိုင်းနိုင်ငံ ရနောင်းမြို့သို့ အလည်အပတ်သွားကြမည့် ဒေသခံများအား နိုင်ငံကူးလက်မှတ်၊ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်၊ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်များနှင့် နယ်စပ်ဖြတ်ကျော်သွားလာကြမည့် နိုင်ငံခြားသားများအား စိစစ်ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။



အဆိုပါ အဆောက်အအုံကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေကျပ် ၁၆၉၇ ဒသမ ၁၄ သန်းဖြင့် ၂၀၂၃ ခုနှစ်မှ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ အောက်ခံအုတ်မြစ်ဘိုးပိုင်ဖောင်ဒေးရှင်းဖြင့် တည်ဆောက်ထားသည့် သံကူကွန်ကရစ်အဆောက်အအုံ အမျိုးအစားဖြစ်ပြီး အလျား ပေ ၁၂၀၊ အနံ ပေ ၆၀၊ အမြင့် ၁၄ ပေရှိ၍ မြန်မာ့ရိုးရာယဉ်ကျေးမှုလွှမ်းခြုံသော ခေတ်မီဗိသုကာဒီဇိုင်းဖြင့် ဆောင်ရွက်ထားခြင်းဖြစ်သည်။ ယခုဖွင့်လှစ်ခဲ့သည့် အဆောက်အအုံသစ်ဖြင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများနှင့် ကော့သောင်းမြို့၏ သဘာဝအလှတရားများဖြစ်သည့် ရေ၊ မြေ၊ တော၊ တောင် တို့၏ အလှတရားများကို ကြည့်ရှုခံစားမည့် နိုင်ငံခြားခရီးသွားဧည့်သည်များ ဆိုက်ရောက်ထွက်ခွာရာ၌ ကော့သောင်းမြို့၏ ဂုဏ်ယူဖွယ်ရာရှိပြီး အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်ပေါက်ထွက်ပေါက်အဖြစ် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သောတပန်ရပ်ကွက် နန်းဦးမြို့သစ် ပိုးတန်းရပ်ကွက်နှင့် ရွာထောင်ရပ်ကွက်တို့အတွင်းရှိ ကျောင်းတိုက်များ၊ စေတီများ၊ သာသနိကအဆောက်အအုံများနှင့် လမ်းကြီး၏ လမ်းဘေးဝဲ/ယာ ပြိုကျပျက်စီးနေသော အပျက်အစီးများကို စက်ယန္တရားအင်အားများ တိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှု အခြေအနေနှင့် အပျက်စီးများကို စက်ယန္တရားများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)အားကစားခန်းမ၌ စစ်ကိုင်းမြို့ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများနှင့် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘောလုံးပွဲကြည့်စင်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဌာန၊ အရိုးထိခိုက်ဒဏ်ရာကုဌာနတို့ရှိ လူနာများအား သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Sky Villa ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရှင်းလင်းရန်ကျန်ရှိသည့် “ A ” ဆောင်အား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ဖြိုဖျက်ပြီးသော အဆောက်အအုံနေရာများတွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု၊ Sky Villa အဆောက်အအုံ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရာမှ ရှာဖွေတွေ့ရှိသောပစ္စည်းများကို ပစ္စည်းလက်ခံရှာဖွေစုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှု၊ ထိန်းသိမ်းထားရှိမှုနှင့် သက်ဆိုင်ရာပိုင်ရှင်များလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ် ဈေးချိုရပ်ရှိ ဆုတောင်းပြည့်ကျောက်ကာစေတီ ဦးလင်းဘုရားသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော အပျက်အစီးများအား တပ်မတော်သားစစ်သည်များမှ အင်တိုက်အားတိုက် ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။**

ယင်းနောက် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ သွားရောက်၍ အပျက်အစီးများအား ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှု၊ ဘုရားကြီးအား ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်စဉ် အန္တရာယ်ကင်းရှင်းစေရေး စမြင်နေရာများအား ယာယီဒေါက်တိုင်ထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် မှန်တန်းရပ်ကွက် မေဃဝန်ဘုန်းတော်ကြီးကျောင်း၊ ကွမ်းသီးတန်းရပ်ရှိ ဆုတောင်းပြည့်မြတ်စွာဘုရား၊ ဈေးချိုရပ်ကွက်ရှိ ငလျင်ဒဏ်သင့် ကျွန်းကျောင်းစတုဘုမ္မိကမဂ္ဂင်ရိပ်သာကျောင်းတိုက်နှင့် ဆုတောင်းပြည့်ကျောက်ကာစေတီ ဦးလင်းဘုရား၌ တပ်မတော်သားများက အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှု၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြန်လည်သိမ်းဆည်းရရှိသော ဌာပနာတော်ပစ္စည်းများ စနစ်တကျသိမ်းဆည်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ဖောင်ရွာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (မြို့မ)နှင့် ဆူးကုန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျောင်းများစတင်ဖွင့်လှစ်၍ ပညာသင်ကြားနေမှုများကို သွားရောက်ကြည့်ရှုပြီး G-12 ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြားသည်။ ထို့နောက် ကျောက်ဆည်မြို့နယ် တံစိုးကျေးရွာရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ ငလျင်ဒဏ်ကြောင့် ရပ်တန့်ခဲ့ရသော စာမေးပွဲအား ပြန်လည်ဖြေဆိုနေမှုများနှင့် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ယာယီလိုင်းခန်း (၃)ခန်းတွဲများ ဆောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကျောက်ဆည်မြို့ လမ်းဦးစီးရိပ်သာ၌ပြုလုပ်သည့် “ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး”သို့ တက်ရောက်၍ မြို့နယ်အလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝဘေးကယ်ဆယ်ရေးအတွက် လူ၊ စက်၊ ယန္တရားများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပြင်ဆင်စုဖွဲ့ထားရှိမှုများတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ မီးသတ်ဦးစီးဌာန၌ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်အနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လူ၊ ယာဉ်၊ ယန္တရားများနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မီးသတ်တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများပေးအပ်ကာ ကျောက်ဆည်မြို့ ငှက္ကတောင်ကျေးရွာအုပ်စု တောင်နံ့သာကွက်သစ်ရပ်ကွက်ရှိ သာမဏေကျော်စာသင်တိုက်သို့ သွားရောက်၍ သံဃာတော်များအား ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဂါဇာကမ်းမြောင်ဒေသ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သွယ်ဝိုက်သောဆွေးနွေးမှုစတင်ရန် ဟားမားစ်ဆန္ဒရှိ

**ဂါဇာ ဇွန် ၂**

နှစ်ဖက်အဖွဲ့များအကြား ဆွေးနွေးမှုများ နှောင့်နှေးကြန့်ကြာနေချိန်တွင် အစ္စလာမ္မစ်အုပ်စု ဟားမားစ်တို့က ဂါဇာကမ်းမြောင်ဒေသ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက် အစ္စရေးနှင့်သွယ်ဝိုက်သောနည်းဖြင့် ဆွေးနွေးညှိနှိုင်းမှု ချက်ချင်းပြုလုပ်ရန် ဆန္ဒထက်သန်လျက်ရှိကြောင်း ကြေညာခဲ့သည်။



ဇွန် ၂ ရက်တွင် ဟားမားစ်တို့ ထုတ်ပြန်လိုက်သော ကြေညာချက်တစ်ခုတွင် ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပွားနေသော စစ်ပွဲကို အဆုံးသတ်ရန် ကြိုးစားဆောင်ရွက်နေသည့် ကာတာနှင့် အီဂျစ်တို့၏ လုပ်ဆောင်ချက်များကို ကြိုဆိုကြောင်း ဖော်ပြထားသည်။

သို့သော်လည်း အစ္စရေးနှင့် ဟားမားစ်တို့အကြား သဘောမတူညီမှုများ ကျန်ရှိနေသေးပြီး စေ့စပ်ညှိနှိုင်းဆွေးနွေးမှု ဖြစ်မည်လား သို့မဟုတ် မဖြစ်ဘူးလားဆိုသည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အမေရိကန်က ရက် ၆၀ ကြာပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို အဆိုပြုထားပြီး အပြန်အလှန်အားဖြင့် ဟားမားစ်တို့က ဓားစာခံ ၁၀ဦးကို လွှတ်ပေးရမည်ဖြစ်သည်။ အဆိုပါအစီအစဉ်ကို အစ္စရေးက လက်ခံကြောင်း သိရသည်။

ထို့အတူ ဟားမားစ်တို့က လည်း ဓားစာခံ ၁၀ ဦးကို လွှတ်ပေးရန် အဆိုပြုခဲ့သည်။ ထို့ပြင် အစ္စရေးတပ်ဖွဲ့ဝင်များ ဆုတ်ခွာသွားရန်လည်း တောင်းဆိုထားသည်။

တစ်ချိန်တည်းမှာပင် အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသတွင် ပြင်းထန်သည့် တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း သေဆုံးသူ ၃၇ ဦးရှိပြီဖြစ်ကြောင်း ဒေသကျန်းမာရေးအာဏာပိုင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဟက်ဂ်ဆက်သ်က ဩစတြေးလျကို တောင်းဆို

**ဝါရှင်တန် ဇွန် ၂**

အမေရိကန်ကာကွယ်ရေးဝန်ကြီး ပိထ်ဟက်ဂ်ဆက်သ်သည် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု (ဂျီဒီပီ) ၏ ၃ ဒသမ ၅ ရာခိုင်နှုန်းအထိ အမြန်ဆုံးတိုးမြှင့်ရန် ဩစတြေးလျကို တိုက်တွန်းခဲ့ကြောင်း သိရသည်။ သို့သော်လည်း ဩစတြေးလျဘက်က ထိုကဲ့သို့ တိုက်တွန်းပြောကြားမှုကို တုံ့ပြန်ပြောကြားခြင်း မရှိပေ။

ဟက်ဂ်ဆက်သ်သည် စင်ကာပူနိုင်ငံ၌ မေ ၃၁ ရက်က အစည်းအဝေးတစ်ခုတွင် ဩစတြေးလျကာကွယ်ရေးဝန်ကြီး ရစ်ချတ်မာလိစ်ကို တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့ တွေ့ဆုံဆွေးနွေးမှုကို ရှန်ဂရီလာဆွေးနွေးမှုဟု လူသိများသော အာရှလုံခြုံရေးဖိုရမ်တွင် သီးသန့်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျနိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းဝန်းကျင်ရှိကြောင်း သိရသည်။ လာမည့် ဆယ်စုနှစ်အတွင်း ၂ ဒသမ ၄ ရာခိုင်နှုန်းမြှင့်တင်သွားမည့် အစီအစဉ်တစ်ရပ်ကို ပြီးခဲ့သည့်နှစ်တွင် အစိုးရက ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော်လည်း ယင်းမှာ အမေရိကန်၏ တောင်းဆိုမှုထက်လျော့နည်းနေဦးမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ကော်လိုရာဒိုပြည်နယ်၌ အစ္စရေးလိုလားသူများကြား တိုက်ခိုက်မှုဖြစ်ပွား၊ ရှစ်ဦးထိခိုက်ဒဏ်ရာရ

**ဝါရှင်တန် ဇွန် ၂**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်၌ အစ္စရေးလိုလားသော ဆန္ဒပြသူများကြား တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အမျိုးသားတစ်ဦးက ကော်လိုရာဒိုပြည်နယ် ဘော်လ်ဒါမြို့ရှိ ဆန္ဒပြသူ လူအုပ်အတွင်းသို့ ဓာတ်ဆီပုလင်းဖုံးကို ပစ်ပေါက်ခဲ့သည်ဟု ဗဟိုစုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်) က ဇွန် ၁ ရက်တွင် ပြောသည်။ ထိုကဲ့သို့ ပစ်ပေါက်မှုကြောင့် မီးလောင်ဒဏ်ရာ ရရှိသူများအပါအဝင် အသက် ၅၂ နှစ်မှ ၈၈ နှစ်ကြားရှိ ထိခိုက်ဒဏ်ရာရရှိသော ရှစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဆန္ဒပြသူများသည် အစ္စလာမ္မစ်ဟားမားစ်အဖွဲ့က ဂါဇာကမ်းမြောင်တွင် ဖမ်းဆီးထိန်းသိမ်းထားသော ဓားစာခံများကိုပြန်လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ အခင်းဖြစ်ပွားချိန်တွင် ပစ်ပေါက်တိုက်ခိုက်သူက ပါလက်စတိုင်းလွတ်မြောက်ပါစေဟု ဟစ်အော်ခဲ့သည်ဟု အက်ဖ်ဘီအိုင်က ပြောသည်။ အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူး ကတ်ရှ်ပါတဲလ်က ၎င်းသည် ပစ်မှတ်ထားသော တိုက်ခိုက်မှုဖြစ်ကြောင်း လူမှုကွန်ရက်တွင် ရေးသားထားသည်။




အာဏာပိုင်များက အသက် ၄၅ နှစ်အရွယ် အဆိုပါ အမျိုးသားကို ဖမ်းဆီးထိန်းသိမ်းထားသည်။ ၎င်းအမျိုးသားလည်း ထိခိုက်ဒဏ်ရာရရှိထားကြောင်း၊ ပစ်ပေါက်တိုက်ခိုက်မှု လုပ်ဆောင်ရခြင်း၏ နောက်ကွယ်က အကြောင်းရင်းကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ အစ္စရေးတပ်မတော်သည် ဂါဇာကမ်းမြောင်ကို တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဝါရှင်တန်တွင် အစ္စရေးသံရုံးဝန်ထမ်းနှစ်ဦး ပစ်သတ်ခံရပြီးနောက် သီတင်းနှစ်ပတ် မပြည့်မီတွင် ထိုကဲ့သို့ ပစ်ပေါက်တိုက်ခိုက်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်နိုင်ငံ ပတ်တီကာပြည်နယ်၌ စာသင်ကျောင်း ၁၅ ကျောင်း ဆောက်လုပ်ပြီးစီး

**ကဘူးလ် ဇွန် ၂**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပတ်တီကာပြည်နယ်၌ စာသင်ကျောင်း ၁၅ ကျောင်းကို ဆောက်လုပ်ပြီးစီးခဲ့ကြောင်း နိုင်ငံပိုင်ဘာခ်ထာသတင်းဌာနက မေ ၂ ရက်တွင် ဖော်ပြသည်။

ခရိုင် ၁၄ ခုတွင် အကောင်အထည်ဖော်ခဲ့သည့် အဆိုပါစာသင်ကျောင်းဆောက်လုပ်ရေး စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းခန့်ကုန်ကျခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ကျောင်းအများအပြားသည် ကျောင်းသားများအတွက် လုံလောက်သော အဆောက်အအုံများမရှိဘဲ ကွင်းပြင်တွင် စာပေသင်ယူနေကြရသဖြင့် အာဖဂန် ယာယီအစိုးရက တစ်နိုင်ငံလုံးရှိ ကျောင်းများတွင် စာသင်ကျောင်းအဆောက်အအုံသစ်များ တည်ဆောက်သွားမည်ဟု ကြေညာထားသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံ၌ ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်

**တိုကျို ဇွန် ၂**

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးအရှေ့ဘက် ကမ်းရိုးတန်း၌ ဇွန် ၂ ရက်အစောပိုင်းက ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။

အဆိုပါငလျင်သည် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၅၂ မိနစ်က လှုပ်မှုဖြစ်ပွားခဲ့သည်။ ဂျပန်နိုင်ငံတွင် ငလျင်ကို ပြင်းထန်မှုအဆင့် ၇ ဆင့်သတ်မှတ်ထားပြီး ယခုလှုပ်ခဲ့သောငလျင်သည် အဆင့် ၄ ရှိကြောင်း အေဂျင်စီက ပြောကြားသည်။ **ဆင်ဟွာ**

## လာအိုအစိုးရက မြို့တော်ဗီယင်ကျန်းမှ ဗီယက်နမ်နယ်စပ်အထိ အမြန်လမ်းဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်

**ဗီယင်ကျန်း ဇွန် ၂**

လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်းမှ လာအို-ဗီယက်နမ်နယ်စပ်သို့ ဆက်သွယ်ပေးမည့် အမြန်လမ်းမကြီး စီမံကိန်းအတွက် ဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှုကို လာအိုအစိုးရက ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အမြန်လမ်းမကြီးသည် မြောက်ပိုင်းပြည်နယ်များဖြစ်သော ဆိုင်ဆမ်ဘွန်း၊ ဇီယန်ကူအန်းနှင့် ဟွာ ဖန်းပြည်နယ်များကိုဖြတ်သန်းကာ ဗီယက်နမ်နိုင်ငံနယ်စပ်ရှိ နမ်ဆွိုင်းအပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်အထိ ရောက်ရှိမည်ဖြစ်သည်။

လာအိုသတင်းအေဂျင်စီ၏ ဇွန် ၂ ရက် သတင်းထုတ်ပြန်ချက်အရ နည်းပညာဆိုင်ရာဆန်းစစ်လေ့လာမှုများ၊ လမ်းဒီဇိုင်းနှင့် လမ်းဆောက်လုပ်ရေးအစီအစဉ်များစသည့် ဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှုကို ၂၄ လတာအတွင်း အပြီးဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

**ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ ငါးလအတွင်း ယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၄၃၂၈ ဦး သေဆုံး

**ဟန္နိုင်း ဇွန် ၂**

ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၂၅ ခုနှစ် မေ ၁၄ ရက်အထိ ယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူ ၄၃၂၈ ဦးနှင့် ဒဏ်ရာရရှိသူ ၅၃၀၇ ဦးရှိကြောင်း အမျိုးသားယာဉ်အန္တရာယ် ကင်းရှင်းရေးကော်မတီ၏ အစီရင်ခံစာက ဖော်ပြသည်။

အဆိုပါကော်မတီရုံး အကြီးအကဲ ထရန်ဟူးမင်းက အဆိုပါ အရေအတွက်သည် ယမန်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာလျော့နည်းသွားခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဇွန် ၂ ရက်တွင် ဖော်ပြသည်။

အဆိုပါကာလအတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှု ၇၇၈၀ ကြိမ်တွင် လမ်းမကြီးများတွင်ဖြစ်ပွားသည့် ယာဉ်တိုက်မှုများမှာ အများဆုံးဖြစ်ပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ယာဉ်တိုက်မှုအရေအတွက် ၂၅ ဒသမ ၃၁ ရာခိုင်နှုန်း၊ သေဆုံးမှုနှုန်း ၅ ဒသမ ၅၆ ရာခိုင်နှုန်းနှင့် ဒဏ်ရာရမှုနှုန်း ၃၄ ဒသမ ၇၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**



# အွန်လိုင်းမှတစ်ဆင့် ကုန်ပစ္စည်းများအား တရားမဝင် တင်သွင်းရောင်းချ၍ အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ပေးလျက်ရှိသော ချမ်းမြငြိမ်း (ခ) ချမ်းချမ်း (အဆိုတော်)၏ ခိုင်းစေမှုဖြင့် တရားမဝင်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ဝိသမလောဘသားများအနေဖြင့် အကြမ်းဖက်အားပေး ပြည်ပြေးများနှင့် ပူးပေါင်းကာ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်ခြင်း၊ တရားမဝင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေးအဖွဲ့အစည်းများမှ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ရပ်ကွက် ၈၁ x ၈၂ လမ်းကြား၊ ၃၃ လမ်းနေ Treasure Hnin Online Shop လုပ်ငန်းလုပ်ကိုင်သူ ဖြူဖြူနှင်းအားလည်းကောင်း၊ မေ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၅၄ ရပ်ကွက် ချယ်ရီ ၁ လမ်းနှင့် ရွှေသပြေလမ်းထောင့် အမှတ်(၃/က)နေ ဘုန်းမြင့်အောင်အား လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများအား စိစစ်ဖော်ထုတ်ချက်များအရ ၎င်းတို့ နှစ်ဦးသည် နိုင်ငံ့ဝန်ထမ်းများ (Disloyalty Civil Servant – DCS) လှုပ်ရှားမှုတွင် ပါဝင်ရန် လှုံ့ဆော်ခြင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ဆူပူအုံကြွမှုဖြစ်ပေါ်ရန် Social Media များမှ တစ်ဆင့် Post တင် ရေးသားခဲ့ခြင်းတို့ကြောင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅–က ဖြင့် အမှုဖွင့်လှစ်ခံခဲ့ရပြီး ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် ချမ်းမြငြိမ်း (ခ) ချမ်းချမ်း (အဆိုတော်) ၏ ခိုင်းစေချက်အရ ၎င်းပြည်ပမှ တရားမဝင်တင်ပို့လိုက်သော နိုင်ငံခြားဖြစ်ပစ္စည်းများအား အခကြေးငွေဖြင့် ထပ်ဆင့်ဖြန့်ဝေရောင်းချခြင်း၊ ငွေကြေးကောက်ခံပေးခြင်းနှင့် ချမ်းမြငြိမ်း (ခ)ချမ်းချမ်း ပေးပို့စေလိုသော အကြမ်းဖက် အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ရသူများဖြစ်ကြောင်း တွေ့ရှိရသည်။



တရားခံပြေး ချမ်းမြငြိမ်း(ခ) ချမ်းချမ်း



ဖမ်းဆီးရမိတရားခံ ဖြူဖြူနှင်း



ဖမ်းဆီးရမိတရားခံ ဘုန်းမြင့်အောင်

ချမ်းမြငြိမ်း (ခ) ချမ်းချမ်း(အဆိုတော်)သည် Shop Me အမည်ဖြင့် Facebook Page အား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်းလိုင်စင်မရှိဘဲ နိုင်ငံခြားဖြစ် လက်ကိုင်အိတ်၊ နာရီ၊ ခါးပတ်နှင့် အကျီစသော အသုံးအဆောင်ပစ္စည်းများအား အွန်လိုင်းမှတစ်ဆင့် ရောင်းချ၍ ပြည်တွင်းသို့ တရားမဝင် တင်သွင်းကာ ဖြန့်ဖြူးရောင်းချနေသူဖြစ်သည့်အပြင် ရရှိလာသောငွေကြေးများအနက် အချို့အား ကိုယ်ကျိုးအတွက် သုံးစွဲခြင်း၊ အချို့အား အကြမ်းဖက်အဖွဲ့အစည်းများသို့ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသူ ဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအား ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် လိုအပ်သည့် အမိန့်များ ထုတ်ပြန်ပေးလျက်ရှိရာ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်းကိုလည်း အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် အမိန့်ထုတ်ပြန်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကို ညွှန်ကြားချက်နှင့်အညီ ရောင်းချခွင့်မှတ်ပုံတင် လက်မှတ်မရှိဘဲ ပြည်တွင်း/ပြည်ပမှ တရားမဝင် ရောင်းချခြင်း၊ ပြည်ပမှဥပဒေမဲ့တင်သွင်းရောင်းချသူများနှင့်ချိတ်ဆက်၍ ထပ်ဆင့်ဖြန့်ဝေရောင်းချခြင်းများကြောင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာများ ဆုံးရှုံးစေလျက်ရှိကြောင်း၊ သို့ပါ၍ ဖမ်းဆီးရမိတရားခံများဖြစ်သော ဖြူဖြူနှင်းနှင့် ဘုန်းမြင့်အောင်တို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ NUG/PDF အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့မှုပြုလုပ်နိုင်ရန် လူမှုကွန်ရက်များပေါ်တွင် တရားမဝင် ဈေးရောင်းချနေသည့် **ပန်ဆယ်လိုအကောင့်ပိုင်ရှင် အိမ့်ပိုးဥ၊ Ma Irene အကောင့်ပိုင်ရှင် အိုင်ရင်း၊ ShweNadi အကောင့်ပိုင်ရှင် သင်းသင်းနွယ်၊ Zune Nilar Htay အကောင့်ပိုင်ရှင် ဇွန်နီလာဌေး၊ Aung Thaw အကောင့်ပိုင်ရှင် အောင်သော်၊ Khaing Su Lwin အကောင့်ပိုင်ရှင် DCS ဆရာမ ခိုင်စုလွင်၊ P&H Fashion အကောင့်ပိုင်ရှင် ထက်နီနီသန်း၊ Tr Chan Chan အကောင့်ပိုင်ရှင် ချမ်းမြမြသော်** စသည့် လူမှုကွန်ရက်အကောင့်များနှင့် ချိတ်ဆက်ခြင်း၊ ရောင်းချသည့် ပစ္စည်းများအား ဝယ်ယူခြင်း၊ တစ်ဆင့်ခံပြန်လည်ရောင်းချခြင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်နေသူများကိုလည်း အကြမ်းဖက်ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်နိုင်ရေး စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း NUG၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အချို့သော အကြမ်းဖက်အားပေးအဖွဲ့များနှင့် ပြည်ပြေးများအနေဖြင့် ဥပဒေမဲ့ စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေရှာဖွေ၍ အကြမ်းဖက်အဖွဲ့များ သက်ဆိုးရှည်စေရေးအတွက် ထောက်ပံ့ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ၎င်းတို့နှင့်ချိတ်ဆက်ခြင်း၊ ကုန်ပစ္စည်းများဝယ်ယူခြင်း၊ တစ်ဆင့်ခံပြန်လည်ရောင်းချခြင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် အားပေးကူညီနေသူများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူခံရနိုင်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးကူညီရန်ရည်ရွယ်၍ တရားမဝင်အွန်လိုင်းစနစ်ဖြင့် ရောင်းချနေသူများနှင့် ဝယ်ယူသူများအား သိရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့မှုပြုလုပ်နိုင်ရန်အတွက် လူမှုကွန်ရက်အား အသုံးပြု၍ တရားမဝင် ဈေးရောင်းချလျက်ရှိသည့် လူမှုကွန်ရက်အကောင့်များအား ဆက်လက်ဖော်ထုတ်၍ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# ညောင်ဦးမြို့ ပုဂံမြို့သစ် ဂန့်ဂါရပ်ကွက်တွင် မဟာပဋ္ဌာန်းပူဇော်ပွဲကျင်းပပြုလုပ်ရန် အစည်းအဝေးကျင်းပနေသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများအား PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့လာရောက်ပစ်ခတ်

**နေပြည်တော် ဇွန် ၂**

NUG , CRPH လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများနှင့် လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ အစိုးရဝန်ထမ်းများ၊ ၎င်းတို့နှင့်အမြင်အယူအဆမတူသူ အပြစ်မဲ့အရပ်သားပြည်သူများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ ပြည်သူလူထုအတွင်း အကြောက်တရားများ လွှမ်းမိုးစေရန်ရည်ရွယ်၍ အကြမ်းဖက်လုပ်ရပ်အမျိုးမျိုးကို ပုံစံအမျိုးမျိုးဖြင့် ကျူးလွန်လျက်ရှိသည်။

ထိုသို့ ကျူးလွန်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ပုဂံမြို့သစ် ဂန့်ဂါရပ်ကွက်ရှိ ဓမ္မာရုံ၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော် အပါအဝင် ရပ်မိရပ်ဖများသည် မဟာပဋ္ဌာန်းပူဇော်ပွဲကျင်းပပြုလုပ်ရန် အစည်းအဝေးပြုလုပ်နေစဉ် ဇွန် ၁ ရက် ညနေပိုင်းက PDF အမည်ခံအကြမ်းဖက်သမား ၁၅ ဦးခန့်သည် လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့သဖြင့် ဦးမြင့်ဇော်အပါအဝင် ရပ်မိရပ်ဖ ခုနစ်ဦး သေဆုံးခဲ့ပြီး ခြောက်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ သေဆုံး၊ ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဘာသာသာသနာရေးအတွက် ဆောင်ရွက်နေသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အပြစ်မဲ့ရပ်မိရပ်ဖများအား လူသားမဆန်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးအရေးယူဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းစဉ်များကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ညောင်ဦးမြို့ ပုဂံမြို့သစ် ဂန့်ဂါရပ်ကွက်ရှိ ဓမ္မာရုံ၌ အကြမ်းဖက်သမားများက လာရောက်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နေရာပြပုံ










ညောင်ဦးမြို့ ပုဂံမြို့သစ် ဂန့်ဂါရပ်ကွက်ရှိ ဓမ္မာရုံ၌ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် သေဆုံး/ဒဏ်ရာရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံ။

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ(အပိုင်း – ၃)

ဒေါက်တာမျိုးကြွယ်(အငြိမ်းစားပါမောက္ခချုပ်)

- **မြန်မာနိုင်ငံအပါအဝင် လယ်ယာလုပ်ကိုင်နေသော တောင်သူလယ်သမားများ အားလုံးနီးပါး စိုက်ပျိုးမွေးမြူရေးကို တွဲဖက်လုပ်ဆောင်လျက်ရှိသည်။ ဥပမာ - နွံစားသီးနှံများ၏ ကောက်ရိုးများက တိရစ္ဆာန်အစာ၊ တိရစ္ဆာန်အညစ်အကြေးများက စိုက်ခင်းမြေဩဇာ စသည်ဖြင့် တွဲဖက်ဆောင်ရွက်ရပါသည်။ စုပေါင်းသင်ကြား / သုတေသနပြုပေးခြင်းအားဖြင့် လယ်ယာလုပ်ငန်းတစ်ခုလုံး စီမံကိန်းချဆောင်ရွက်ရာတွင် စိတ်ကူးကောင်းများ ထွက်ပေါ်စေသည်**
- **စိုက်ပျိုးမွေးမြူရေးကုမ္ပဏီများ၊ တောင်သူများ၊ သုတေသနဌာနများက စနစ်နှစ်ခုစလုံးနားလည်သော ဘွဲ့ရများ လိုအပ်သည်။ ထိုမှတစ်ဆင့် စိုက်ကွင်းမန်နေဂျာ၊ စိုက်ပျိုးမွေးမြူရေး အတိုင်ပင်ခံပုဂ္ဂိုလ်၊ သုတေသနသိပ္ပံပညာရှင်၊ မူဝါဒဆန်းစစ်သူ စသည်တို့ဖြစ်ပေါ်လာနိုင်သည်**

ဩစတြေးလျက စိုက်ပျိုး၊ မွေးမြူရေးမှာ ထိပ်တန်းရောက်နေပြီး စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များစွာ နိုင်ငံတကာတင်ပို့လျက်ရှိနေသည်။ ဒုတိယနိုင်ငံခြားဝင်ငွေရရှိသော ထုတ်ကုန်မှာ အသားဖြစ်သည်။

**(၂) အသားထုတ်လုပ်ငန်း**

**ဩစတြေးလျအသားထုတ်လုပ်ငန်းအကြောင်း ခြုံငုံသုံးသပ်ချက်**

ထုတ်လုပ်သောအသားများ –

(၂–က) အမဲသား – ကမ္ဘာ့အမဲသားထုတ်ကုန် အများဆုံးသုံးနိုင်ငံထဲတွင် ပါဝင်ပါသည်။

(၂–ခ) သိုးသား – နိုင်ငံတကာတွင် အကောင်းဆုံးသိုးသား (Premium Quality) အနေဖြင့် နာမည်ကြီးသည်။

(၂–ဂ) ဆိတ်သား ၊

(၂–ဃ) ဝက်သား ၊

(၂–င) ကြက်သား၊ ဘဲသား တို့ ပါဝင်သည်။

ဇယား – ၁ ကမ္ဘာ့အသားတင်ပို့မှု အများဆုံးနိုင်ငံများ

| စဉ် | နိုင်ငံ | နိုင်ငံခြားဝင်ငွေတန်ဖိုး (အမေရိကန်ဒေါ်လာသန်း) | တင်ပို့အသားများ |
|---|---|---|---|
| ၁ | ဘရာဇီးလ်နိုင်ငံ | ၁၂.၈ | အမဲ၊ ကြက်၊ ဝက် |
| ၂ | အမေရိကန် | ၁၀.၈ | အမဲ၊ ဝက်၊ ကြက် |
| ၃ | ဩစတြေးလျ | ၁၀.၂ | အမဲ၊ သိုး၊ ဆိတ် |
| ၄ | ဥရောပသမဂ္ဂ | ၉.၀ | ဝက်၊ အမဲ၊ ကြက် |
| ၅ | ကနေဒါ | ၅.၀ | အမဲ၊ ဝက်၊ ကြက် |

၂၀၂၄ ခုနှစ်တွင် ဩစတြေးလျနိုင်ငံက နိုင်ငံတကာက အသားတင်သွင်းသူ ၁၀၄ နိုင်ငံကို အဓိကအသားစိမ်းအနီရောင်သန်းနေသော အသားတန်ချိန် ၂ ဒသမ ၂၄ သန်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂ ဘီလီယံဒေါ်လာဖိုးအထိ တင်ပို့နိုင်ခဲ့သည်။

**ဩစတြေးလျအသားများကို နိုင်ငံတကာကစိတ်ဝင်စားရခြင်း အကြောင်းရင်းများ**

(၂–၁) သန့်ရှင်းပြီး ရေရှည်တည်တံ့မှု တင်းကျပ်သော ဇီဝလုံခြုံမှု/အာမခံချက်နှင့် ပတ်ဝန်းကျင်ကောင်းမွန်အောင် စနစ်တကျ ထိန်းသိမ်းပေးမှုရှိခြင်း၊

(၂–၂) သီးနှံမျိုးစေ့နှင့် မြက်များကျွေးမွေးမှု စိတ်ကြိုက်ဆုံးဖြတ်ပိုင်ခွင့်၊ ဈေးကွက်သဘောအရ တိရစ္ဆာန်များအရ ပြောင်းလဲကျွေးမွေးနိုင်သဖြင့် စိတ်ကျေနပ်မှုရရှိနိုင်ခြင်း၊

(၂–၃) အစားအသောက်ဘေးကင်းမှုနှင့် ခြေရာခံလိုက်နိုင်မှု၊ နိုင်ငံတော်/အမျိုးသားအဆင့် မွေးမြူရေးတိရစ္ဆာန်များ သက်သေခံပြုလုပ်မှုစနစ် ရှိနေခြင်း၊

(၂–၄) အဆင့်မြင့်တိရစ္ဆာန်ပြုစုစောင့်ရှောက်ရေးစနစ်ရှိခြင်း၊

(၂–၅) နိုင်ငံအချင်းချင်းလွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်ရှိခြင်း ပထဝီအနေအထားအရ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အာဆီယံ၊ ဥရောပနိုင်ငံများနှင့် လွတ်လပ်၊ လွယ်ကူစွာကုန်သွယ်နိုင်မှု အရည်အသွေးများရှိနေခြင်းကြောင့်ဩစတြေးလျနိုင်ငံထုတ်အသားများ နိုင်ငံတကာဈေးကွက်တွင်မျက်နှာပွင့်နေရခြင်း ဖြစ်သည်။

**အနီရောင်အသားထုတ်လုပ်ရေးကို အားပေး၊ သုတေသနပြုနေသော ဩစတြေးလျတက္ကသိုလ်များ**

## (က) ကွင်းစလန်တက္ကသိုလ်

**အဓိကဦးစားပေးထားသော သုတေသနများ ။** အသားနူးညံ့မှု၊ ကြာရှည်ခံမှု၊ အနံ့အရသာများ၊ အပူပိုင်းဒေသ အသားစားနွားမွေးမြူနည်းစနစ်များ၊ စားမြုံ့ပြန်တိရစ္ဆာန်များ ဗီဇဗေဒနှင့် မျိုးသစ်များမွေးမြူရေးပညာ၊ တိရစ္ဆာန်များသက်သာစေရေးနှင့်စွန့်ပစ်အညစ်အကြေးများမှ မီသိန်းထုတ်လုပ်မှုခေါင်းစဉ်များကို ဦးစားပေးဆောင်ရွက်နေပါသည်။

တက္ကသိုလ်နှင့် တွဲလျက်ရှိသော ကွင်းစလန်စိုက်ပျိုးမွေးမြူရေးနှင့် အစားအစာတီထွင်မှု မဟာမိတ်သုတေသနဌာန ကွာဖီ(QAAFI) က ဦးဆောင်အဓိက ဆောင်ရွက်သည်။ ဤဌာနမှာ တက္ကသိုလ်၏ စီမံခန့်ခွဲမှုအောက်တွင်ရှိပြီး အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများ (Tropical and Sub–Tropical Regions) စိုက်ပျိုးမွေးမြူရေးသုတေသနများအတွက် ၂၀၁၀ ပြည့်နှစ်ကတည်းက စုပေါင်းဆောင်ရွက်ထားသော ဘက်ပေါင်းစုံသုတေသနဌာန (Multidisplinary Research Institute) ဖြစ်သည်။ ဤကွာဖီ (QAAFI) ဌာနစုကို ကွင်းစလန်တက္ကသိုလ် (UQ)၊ ကွင်းစလန်ပြည်နယ်အစိုးရ (Queensland State Government)၊ ဗဟိုအစိုးရ(Federal Government)၊ လုပ်ငန်းပါတနာ (Industry Partners)တို့က ဘဏ္ဍာရေးအခြေအနေ စုစည်းတာဝန်ယူပါသည်။

(စာရေးသူအထင် နယ်သာလန် ဗာဂန်နီဂန်တက္ကသိုလ်ပုံစံဆင်ဆင် ဖြစ်ပါသည်။ e.g. WUR Model in Netherland)

သုတေသနအုပ်စု လေးစုခွဲထားသည်။ မွေးမြူရေးသိပ္ပံအုပ်စု (Centre for Animal Science)၊ သီးနှံသိပ္ပံအုပ်စု (Centre for Crop Science)၊ ဥယျာဉ်ခြံသိပ္ပံအုပ်စု (Centre for Horticultural Science)၊ အာဟာရနှင့်အစားအသောက်သိပ္ပံအုပ်စု (Centre for Nutrition and Food Sciences) တို့ဖြစ်သည်။

(စာရေးသူတို့ မဟာစိုက်ပျိုးရေးသိပ္ပံ သင်ယူစဉ် ၁၉၈၇–၈၉ ခုနှစ်လောက်က အစားအစာဌာနမရှိသေးပါ။ စိုက်ပျိုးမွေးမြူရေး မဟာဌာနဟူ၍ ခေါ်ဆိုပြီး ယခုတော့ စိုက်ပျိုးမွေးမြူရေးနှင့်အစားအစာရေရှည်တည်တံ့ခိုင်မြဲရေးအဆင့်မြင့်ကျောင်း ဟူ၍ပြောင်းလဲ ခေါ်ဆိုနေသည်။)

တက္ကသိုလ်နှင့် စိုက်ပျိုးမွေးမြူဆိုင်ရာလုပ်ငန်းများက ခိုင်မာသည်။ ဥပမာ – ဩစတြေးလျအသားနှင့် မွေးမြူရေးတိရစ္ဆာန်လုပ်ငန်းနှင့် တွဲဖက်လုပ်ဆောင်နေသည်။ လုပ်ငန်းများမှာ မွေးမြူရေးကဏ္ဍ–မွေးမြူထုတ်လုပ်ခြင်း၊ မွေးမြူရေးဗီဇနှင့် ဂျီနိုန်း၊ တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ဇီဝလုံခြုံမှုနှင့်ဈေးကွက်တို့ ပူးတွဲလုပ်ဆောင်နေပြီး တိရစ္ဆာန်အစာစားကျက်သီးနှံနှင့်ပတ်သက်၍ လွတ်ကျောင်းမြေများ စီမံခန့်ခွဲမှု၊ ပေါင်းနိုင်နင်းခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ ဒစ်ဂျစ်တယ်စိုက်ပျိုးမွေးမြူရေး)၊ ရေရှည်တည်တံ့သောပတ်ဝန်းကျင်ဖြစ်မှုနှင့် နေ့စဉ် ကျွေးမွေးမှုစီမံခန့်ခွဲခြင်းသုတေသနများကို ပူးတွဲလုပ်ဆောင်သည်။

## (ခ) ချားလ်စတူးဝပ်တက္ကသိုလ်

တက္ကသိုလ်ကအဓိကအနီရောင်အသားများ ထုတ်လုပ်ရာ နယူးဆောက်ဝေးပြည်နယ်၊ ဝက်ဂါဝက်ဂါ(Wagga Wagga, New South Wales) အရပ်တွင်ရှိသည်။ အဓိက ဦးစားပေးထားသောသုတေသနများမှာ သိုးနှင့် နွားမွေးမြူရေး၊ တိရစ္ဆာန်ကျန်းမာရေး၊ အာဟာရဓာတ်နှင့် မျိုးပွားမှု၊ လွတ်ကျောင်းမြေများ စီမံခန့်ခွဲမှုနှင့် တိရစ္ဆာန်အသားများအရည်အသွေးသုတေသနများ အဓိကထားဆောင်ရွက်သည်။ တက္ကသိုလ်ပတ်ဝန်းကျင်ရှိ တောင်သူများ၊ အသားထုတ်လုပ်သူများနှင့် ပူးတွဲသုတေသန ဆောင်ရွက်သည်။

## (ဂ) နယူးအင်ဂလန်တက္ကသိုလ်

အဓိကဦးစားပေးထားသောသုတေသနများ ။ အသားစားနွားနှင့်သိုးဗီဇဗေဒ၊ မွေးမြူတိရစ္ဆာန်များနေထိုင်ကျက်စားမှု၊ မွေးမြူရေးနည်းပညာအသစ်များကို တောင်သူများအား မျှဝေခြင်း စသည်တို့ကို ဦးစားပေးသုတေသနပြုလုပ်ပါသည်။

တက္ကသိုလ်၏ သုတေသနဌာနများမှာ မွေးတိရစ္ဆာန်များဆိုင်ရာ ဗီဇဗေဒနှင့် အကောင်အသစ်များမျိုးထုတ်ပေးရေးဌာနနှင့် မွေးမြူရေးဆိုင်ရာ သင်ကြားရေးနှင့် သုတေသနဌာနတို့က သီးသန့်ဆောင်ရွက်သည်။

AGBU သည် ဩစတြေးလျနိုင်ငံရှိ မွေးမြူထားသော တိရစ္ဆာန်များ၏ ဗီဇနှင့် တိရစ္ဆာန်မျိုးကောင်းများ ထုတ်လုပ်ပေးသောဌာနဖြစ်ပြီး UNE နှင့် နယူးဆောက်ဝေးပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနတို့ ပူးတွဲဆောင်ရွက်သည်။

CART ဌာနမှ နိုင်ငံအတွင်းရှိ မွေးမြူထားသော တိရစ္ဆာန်အုပ်စုလိုက်ရောဂါပြင်းထန်စွာ ကျရောက်မှုကို ကြိုတင်ခန့်မှန်းပေးခြင်း၊ တိရစ္ဆာန်များ သွေးနမူနာယူ၍ ရောဂါကျရောက်မှုကို စစ်ဆေးဖော်ထုတ်ခြင်း၊ တောင်သူများအား သင်တန်းပေးခြင်း၊ တောင်သူများ လိုအပ်သည့် အကောင်ငယ်များ ဖြန့်ဖြူးပေးခြင်း၊ ဈေး ကွက်ပို့ဆောင်လုပ်ငန်းများပါ ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် တိရစ္ဆာန်သုံးဆေးဝါးများ ဝန်ဆောင်မှုပေးခြင်း စသည့်လုပ်ငန်းများကို တက္ကသိုလ်မှ လုပ်ဆောင်ပေးသည်။

## (ဃ) မားဒေါ့တက္ကသိုလ်၊ အနောက်ဩစတြေးလျ

အဓိကဦးစားပေးထားသော သုတေသနများ။ အသားများ စိတ်ချစွာစားသုံးနိုင်မှု၊ တိရစ္ဆာန် အရှင်တင်ပို့ရာတွင် သက်သာချောင်ချိမှု၊ အနီရောင်အသားများ ရောင်းချရာတွင် ကွင်းဆက်တန်ဖိုးရရှိမှုတို့ကို ဦးစားပေးသုတေသနပြုဆောင်ရွက်သည်။ ဤတက္ကသိုလ်တွင် ခေတ်မီနောက်ဆုံးပေါ် မွေးမြူရေးတိရစ္ဆာန်ဆေးရုံ နှင့် သုတေသနဓာတ်ခွဲခန်းများ ရှိပါသည်။

## (င) အဲဒီလိတ်တက္ကသိုလ်၊ ဝိတ်နှင့်ရို့ဝါသီနယ်မြေများ၊ တောင်ဩစတြေးလျ

အဓိကဦးစားပေးထားသောသုတေသနများ ။ ခြောက်သွေ့သောပတ်ဝန်းကျင်တွင် သိုးနှင့် နွားလွတ်ကျောင်းစနစ်များ၊ အသားအရသာစစ်ဆေးမှုများ ဥပမာ – စားသုံးမှုအရည်အသွေး၊ အရောင်ကွဲပြားမှု၊ မျိုးပွားခြင်းနှင့်ဗီဇပညာ စသည်တို့ကို တာဝန်ယူ သုတေသနပြုနေသည်။

ဩစတြေးလျတိုက်၏ အနေအထားအရ လွတ်ကျောင်းမွေးမြူရေးစနစ်ကို အများဆုံး အသုံးပြုသည်။ (တကယ်တော့ သီးနှံသိပ္ပံနှင့် မွေးမြူရေးသိပ္ပံက ခွဲခြားလို့မရဘဲ ပူးတွဲလေ့လာရမည့် ပညာရပ်များဖြစ်သည်။ စာရေးသူနှင့် မွေးမြူရေးတက္ကသိုလ် အငြိမ်းစားပါချုပ်ဆရာကြီးဒေါက်တာတင်ငွေက ရွှေရောင်လွင်ပြင်အဖွဲ့တွင် တတ်နိုင်သလောက် သင်တန်း၊ ဟောပြောပွဲများကို ပူးတွဲအကောင်အထည်ဖော်နေသည်။ (ဘက်စုံ သင်တက္ကသိုလ်များ – ပုံစံဖြစ်သည်)

**တက္ကသိုလ်များတွင်စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများ တွဲဖက်သင်ကြား/သင်ယူရခြင်း အကြောင်းရင်းများ**

(က) **ကမ္ဘာပေါ်ရှိနိုင်ငံအားလုံး စုပေါင်းလယ်ယာစနစ် ကျင့်သုံးနေခြင်း။** မြန်မာနိုင်ငံအပါအဝင် လယ်ယာလုပ်ကိုင်နေသော တောင်သူလယ်သမားများ အားလုံးနီးပါး စိုက်ပျိုးမွေးမြူရေးကို တွဲဖက်လုပ်ဆောင်လျက်ရှိသည်။ ဥပမာ – နွံစားသီးနှံများ၏ ကောက်ရိုးများက တိရစ္ဆာန်အစာ၊ တိရစ္ဆာန်အညစ်အကြေးများက စိုက်ခင်းမြေဩဇာ စသည်ဖြင့် တွဲဖက်ဆောင်ရွက်ရသည်။ စုပေါင်းသင်ကြား/သုတေသနပြုပေးခြင်းအားဖြင့် လယ်ယာလုပ်ငန်းတစ်ခုလုံး စီမံကိန်းချဆောင်ရွက်ရာတွင် စိတ်ကူးကောင်းများ ထွက်ပေါ်စေသည်။

(ခ) **လုပ်ငန်းခွင်အားလုံးရေရှည်တည်တံ့ခိုင်မြဲမှုနှင့် အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်မှု။** တောင်သူနှင့် သိပ္ပံပညာရှင်များ ဤစနစ်နှစ်ခုစလုံးကို သိခြင်းအားဖြင့်

*စာမျက်နှာ ၁၇ သို့*

# ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ဘုရားတောင်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး၍ ဆုတ်ခွာထွက်ပြေး

**နေပြည်တော် ဇွန် ၂**

အကြမ်းဖက် အဖွဲ့အစည်းများ ဖြစ်သည့် CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင်အကြမ်းဖက်မှုများ၊ လမ်း၊ တံတား ဖောက်ခွဲဖျက်ဆီးမှုများ အပြင် အများပြည်သူနေထိုင်လျက်ရှိသည့် နေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ယနေ့ညနေပိုင်းတွင် ဘုရားတောင်ကျေးရွာအနီးသို့အရောက်၌ KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ခုခံနိုင်ခြင်းမရှိတော့သည့်အတွက် အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ လွတ်လပ်စွာ ဆုတ်ခွာထွက်ပြေးနိုင်ရန် ကျေးရွာအတွင်းရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးကာ ကျေးရွာ၏ တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် ၎င်းတို့ ဆုတ်ခွာရာနောက်သို့ ထက်ကြပ်လိုက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်မှ ကျေးရွာနေ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးမှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးစဉ် မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာအတွင်းရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား တွေ့ရစဉ်။




အကြမ်းဖက်သမားများ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့၍ ဆုတ်ခွာထွက်ပြေးသည့် မှတ်တမ်းဓာတ်ပုံ။



ညောင်ရွှေမြို့နယ် ဘုရားတောင်ကျေးရွာအတွင်းရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။





အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးစဉ် မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာအတွင်းရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား တွေ့ရစဉ်။

# မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဝက်ချုပ်ကျေးရွာမှ အလယ်တန်းပြဆရာမတစ်ဦးနှင့် ခင်ပွန်းဖြစ်သူတို့အား PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးသတ်ဖြတ်



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဝက်ချုပ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ဝက်ချုပ်)မှ အလယ်တန်းပြဆရာမ ဒေါ်သန်းညွန့်နှင့် ခင်ပွန်းဖြစ်သူတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

**နေပြည်တော် ဇွန် ၂**

PDF အမည်ခံ အစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာ ရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် လူငယ်၊ လူရွယ်များအား စာပေသင်ကြား ပြသပေးလျက်ရှိသည့် ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ ဇွန် ၁ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဝက်ချုပ်ကျေးရွာရှိ ဝက်ချုပ် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) မှ အလယ်တန်းပြဆရာမဖြစ်သူ ဒေါ်သန်းညွန့် အသက် ၆၁ နှစ်နှင့် ခင်ပွန်းဖြစ်သူ ဦးသောင်းခင် အသက် ၅၉ နှစ်တို့သည် နေအိမ်၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိလာပြီး ဆရာမ ဒေါ်သန်းညွန့်အား သစ္စာမဲ့ဝန်ထမ်း (Disloyalty Civil Servant- DCS) ပြုလုပ်ရန်နှင့် ကျောင်းအပ်လက်ခံခြင်းအား ဆက်လက်မပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုရာ ဆရာမ ဒေါ်သန်းညွန့်က ကျောင်းသားကျောင်းသူများ၏ အနာဂတ်အရေးအတွက် နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် တာဝန်ကျေပွန်လို၍ ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း ပြောကြားခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များအပေါ် ထောက်ခံအားပေးမှု မရှိသည့်အတွက် ၎င်းတို့နှစ်ဦးအား အဆိုပါကျေးရွာ၏ အနောက်ဘက်နှစ်မိုင်ခန့်အကွာသို့ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်၍ လူသားမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ပညာရေးဝန်ထမ်းများအား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇွန် ၁ ရက်အထိ အကြမ်းဖက်ကျူးလွန်မှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပညာရေးဝန်ထမ်း သေဆုံးသူ ၇၉ ဦး၊ ဒဏ်ရာရရှိသူ ၃၅ ဦးရှိကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်တွင် နိုင်ငံ့ဝန်ထမ်းကောင်း ဆရာ၊ ဆရာမများအား PDF အမည်ခံအကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်မှုများ၊ အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်မှုများအား ပြည်သူလူထုအနေဖြင့် လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောတုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

သင့်တော်သော မြေအသုံးချရေး ဆောင်ရွက်နိုင်မှု၊ ရေနှင့်အာဟာရဓာတ်စက်ဝန်းလည်ပတ်မှု တိုးတက်လာခြင်း၊ အနည်းဆုံးစွန့်ပစ်ပစ္စည်းဖြစ်ပေါ်စေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေသည်။ ယင်းတို့ကြောင့် ရာသီဥတုဆိုးရွားဒဏ်ခံနိုင်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှု ဖြစ်ပေါ်စေပါသည်။

(ဂ) **တိရစ္ဆာန်အစာနှင့် အာဟာရဓာတ်ဆက်စပ်မှု ။** အစာအာဟာရအရည်အချင်း၊ အစာပြုလုပ်မည့် အနံ့များ အာဟာရဓာတ်၊ အစာမှ အာဟာရဓာတ်အချိုးပြောင်းလဲမှုတို့သည် အဓိကကျပါသည်။ အပင်ကြီးထွားမှု၊ ရိတ်သိမ်းချိန်၊ အစာများသိုလှောင်မှု ဗဟုသုတရရှိမှုသည် တိရစ္ဆာန်များကျန်းမာရေးနှင့် စွမ်းဆောင်နိုင်မှုကို လွှမ်းမိုးပါသည်။

(ဃ) **သုတေသနစုပေါင်းညှိနှိုင်းဆောင်ရွက်မှုအကျိုးရလဒ်နှင့်စနစ်ကို တွေးခေါ်နိုင်မှု။** ခေတ်မီသုတေသနလုပ်ငန်းများသည် သီးနှံနှင့် တိရစ္ဆာန်ဘာသာရပ်နှစ်ခုစလုံး တစ်စိတ်တစ်ပိုင်း ထပ်နေသည်။ ဥပမာ – မြေဆီလွှာ၊ အပင်၊ တိရစ္ဆာန်များ အပြန်အလှန်တုံ့ပြန်မှုရှိသော တိကျသော စိုက်ပျိုးမွေးမြူရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးမွေးမြူရေး၊ ဇီဝနှင့် ဇီဝနည်းပညာစသည်တို့ ဖြစ်သည်။

(င) **ခေတ်မီစိုက်ပျိုးမွေးမြူရေးအလုပ်အကိုင်များအတွက် ကျောင်းသားများအား ပြင်ဆင်ပေးနိုင်မှု ။** စိုက်ပျိုးမွေးမြူရေးကုမ္ပဏီများ၊ တောင်သူများ၊ သုတေသနဌာနများက စနစ်နှစ်ခု စလုံးနားလည်သော ဘွဲ့ရများ လိုအပ်သည်။ ထိုမှတစ်ဆင့် စိုက်ကွင်းမန်နေဂျာ၊ စိုက်ပျိုးမွေးမြူရေး အတိုင်ပင်ခံပုဂ္ဂိုလ်၊ သုတေသနသိပ္ပံပညာရှင်၊ မူဝါဒဆန်းစစ်သူ စသည်တို့ဖြစ်ပေါ်လာနိုင်သည်။

(စ) **စီးပွားရေးနှင့်ဈေးကွက်လိုအပ်ချက်သဟဇာတဖြစ်မှု။** ပေါင်းစည်းလယ်ယာဒေသများအရ ဈေးကွက်၊ သွင်းအားစု၊ ထွက်ကုန်များကို စနစ်တကျဆောင်ရွက်နိုင်၍ အမှန်ကန်ဆုံး ဆုံးဖြတ်ချက်များကို ချမှတ်ပေးနိုင်ပါသည်။

(ဆ) **အကျိုးရှိသောပညာရေး ။** သင်ကြားပေးမည့် အခြေခံဘာသာရပ်များ ဥပမာ – မြေဆီလွှာသိပ္ပံ၊ ရေစီမံခန့်ခွဲမှု ၊ အခြေခံအနုဇီဝဗေဒ၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်သိပ္ပံ၊ အခြေခံစာရင်းအင်းပညာ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာစီးပွားရေးပညာ စသည့်ဘာသာရပ်များမှာ ပညာရပ်နှစ်ခုစလုံးအတွက် အသုံးဝင်ပါသည်။ ။

**References –**
**https://www.mla.com.au/**

❒ *ကျောဖုံးမှ*

ဆွန်ရက်က အမှတ်ဖြင့် အနိုင်ရထားသည်။ ဆွန်ရက်သည် ONE နှင့် လက်တွဲပြီးနောက် ၁၁ ပွဲထိုးသတ်ထားရာ ခြောက်ပွဲနိုင်၊ ငါးပွဲရှုံးနိမ့်ထားပြီး ပက်ဝီချစ်မှာမူ ONE နှင့် ရှစ်ပွဲထိုးသတ်ထားရာ လေးပွဲနိုင်၊ လေးပွဲသရေကျထားသည်။

ONE Friday Fights 111 ပြိုင်ပွဲကို ဇွန် ၆ ရက်တွင် ထိုင်းနိုင်ငံဘန်ကောက်မြို့၌ ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

**ဓာတ်ပုံ – ONE Championship**

❍ *ကျောဖုံးမှ*

ထိုသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မိုးရွာသွန်းမှုကြောင့် မန်းရွှေစက်တော်ဘုရား အောက်စက်တော်ရာ ရင်ပြင်အထက် မန်းချောင်းရေ တစ်ပေခန့် ဖြတ်ကျော်စီးဆင်း

**မင်းဘူး ဇွန် ၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုရက်ပိုင်း နေ့စဉ်မိုးများ အဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေများ စီးဆင်းဝင်ရောက်မှုကြောင့် ဇွန် ၂ ရက် နံနက် ၁၁ နာရီက မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာ ရင်ပြင်အထက် မန်းချောင်းရေ တစ်ပေခန့် ဖြတ်ကျော်စီးဆင်းလျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ မေ ၂၅ ရက်မှစတင်ကာ မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေစက်တော်မန်းချောင်းအတွင်း၌ မေ ၃၁ ရက် နံနက်ပိုင်းမှ စတင်ကာ မန်းချောင်းရေများ တဖြည်းဖြည်း တိုးမြင့်ဝင်ရောက်စီးဆင်းလျက်ရှိကြောင်း၊ ယခု လက်ရှိ အောက်စက်တော်ရာ နဂါးအိုင်ဘက်ခြမ်းမှစ၍ ရင်ပြင်တော်အထက်သို့ မန်းချောင်းရေများ တစ်ပေခန့် စတင်ဝင်ရောက် စီးဆင်းနေပြီဖြစ်ကြောင်း၊ မန်းချောင်းအတွင်း ရေကြီးမှုဖြစ်ပွားရခြင်းမှာ မန်းရွှေစက်တော်ဘုရားအထက်ပိုင်းရှိ ဒေသများ၌ နေ့စဉ် မိုးများရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများက ပန်းထိမ်းမန်းချောင်းနှင့် ငဖဲမန်းချောင်းအတွင်းသို့ စီးဆင်းဝင်ရောက်ကာ အဆိုပါမန်းချောင်းများမှတစ်ဆင့် ရွှေစက်တော်မန်းချောင်းအတွင်းသို့ ဆက်လက်ဖြတ်သန်း စီးဆင်းခြင်းဖြစ်ကြောင်း၊ ယခင်နှစ် (၂၀၂၄ ခုနှစ် ဩဂုတ်လ လဆန်းပိုင်း)က အောက်စက်တော်ရာ ရင်ပြင်အထက်သို့ မန်းချောင်းရေ ငါးပေခန့်အထိ ဖြတ်ကျော်စီးဆင်းခဲ့ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ရှင်းပြသည်။

အဆိုပါ မန်းချောင်းရေများသည် ရွှေစက်တော်မန်းချောင်းမှတစ်ဆင့် မင်းဘူး(စကု)မြို့နယ်အတွင်းသို့ ဆက်လက်ဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်းသို့ စီးဆင်းဝင်ရောက်လျက်ရှိကြောင်း၊ မိုးများ အဆက်မပြတ် ရွာသွန်းမှုနှင့်အတူ တောင်ကျချောင်းရေများ ထပ်မံစီးဆင်း ဝင်ရောက်လာနိုင်သည့်အတွက် မန်းချောင်းအောက်ပိုင်းတစ်လျှောက်တွင် နေထိုင်လျက်ရှိသော ဒေသခံပြည်သူများအနေဖြင့် အထူးသတိပြုနေထိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က ပြောသည်။

ယခုလက်ရှိ မန်းချောင်းရေကြီးခြင်းမှာ မန်းရွှေစက်တော်ဘုရားကြီးအထက်ပိုင်းရှိ ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံနှင့် ရင်းရှည်ရေလှောင်တမံတို့၏ ပင်မရေပိုလွှဲမှ ဆည်ရေကျော်ပြီး ရေကြီးခြင်းမဟုတ်ဘဲ မိုးများ၍ ဘုရားကြီးတွင် သာမန်ရေကျော်ခြင်းဖြစ်ကြောင်း၊ ဇွန် ၂ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ မန်းချောင်းရေလှောင်တမံ၏ ဆည်ရေပြည့် အမှတ်မှာ ၆၂၅ ပေဖြစ်ပြီး လက်ရှိရေအမှတ်မှာ ၆၁၂ ပေအထိ ရောက်ရှိခဲ့သည့်အတွက် ဆည်ရေပြည့်ရန် ၁၂ ဒသမ ၃ ပေ လိုသေးကြောင်း၊ အလားတူ ရင်းရှည်ရေလှောင်တမံ၏ ဆည်ရေပြည့် အမှတ်မှာ ၆၀၂ ပေဖြစ်ပြီး လက်ရှိရေအမှတ်မှာ ၅၉၆ ဒသမ ၄ ပေအထိ ရောက်ရှိခဲ့သည့်အတွက် ဆည်ရေပြည့်ရန် ၅ ဒသမ ၆ ပေ လိုသေးကြောင်း ငဖဲမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်/မြောင်း)မှ သိရသည်။



မောင်မောင်(မင်းဘူး)

# ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ငွေပေးအပ်

**ပူတာအို ဇွန် ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ဆင်မုန်ယို၍ တိုက်ခိုက်မှုကြောင့် သေဆုံးသွားသော မိသားစုဝင်များနှင့် လူနေအိမ်တစ်စိတ်တစ်ပိုင်းပျက်စီးသွားသော အိမ်ထောင်စုများအား ထောက်ပံ့ငွေများနှင့် အိမ်ဆောက်ပစ္စည်းပေးအပ်ခြင်းကို ဇွန် ၁ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် ပူတာအိုမြို့နယ် မူလာဒီကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။



ထိုသို့ ပံ့ပိုးပေးအပ်ရာတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ခံဦးစီးအရာရှိ ဒေါ်ယွန်းမီမီထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများက ဆင်တိုက်ခိုက်မှုကြောင့် သေဆုံးသွားသော ပြည်သူမိသားစုဝင်များအား တစ်ဦးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၁၂ သိန်း၊ လူနေအိမ်တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသော နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး တစ်အိမ်ထောင်လျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၃၅၀၀၀၀ စုစုပေါင်း ပံ့ပိုးငွေကျပ်သိန်း ၁၅၅၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

# ပျဉ်းမနားမြို့နယ်၌ မြစိမ်းရောင်ရန်ပုံငွေ (နဝမ)အကြိမ်မြောက် ထုတ်ချေး

**ပျဉ်းမနား ဇွန် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ (နဝမ)အကြိမ်မြောက် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ရှမ်းစုလေးကျေးရွာ၌ ထုတ်ချေးပေးသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားကာ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၇၅ သန်းကို အသင်းသား အသင်းသူ ၁၉၄ ဦးအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



ꩻꩻꩻ

# ဒက္ခိဏသီရိမြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် သီရိ(၅)မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန် အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒက္ခိဏသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးကျော်ဇင်အောင်က အမှာစကားပြောကြားပြီး သီရိ (၅) မြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငွေက တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား ရှင်းလင်းပြောကြားသည်။

အောင်သူရဦး(ဒက္ခိဏ)

# ရွှေတောင်မြို့နယ်၌ အထွက်တိုး အောင်နိုင်တိုး မျိုးစပါးပေးအပ်ပွဲကျင်းပ

**ရွှေတောင် ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ မြို့နယ်သမဝါယမ ဦးစီးဌာနတွင် သမဝါယမအသင်းစုက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံ စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ၂၀၂၅-၂၀၂၆ မိုးစပါး စီမံကိန်းအတွက် မိုးစပါးစိုက်ပျိုးကြမည့် သမဝါယမအသင်းသား တောင်သူများအား အထွက်တိုး အောင်နိုင်တိုး စပါးမျိုးများပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ထိုသို့ ပေးအပ်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးငွေဝင်းက မျိုးစပါးပေးအပ်ရခြင်းနှင့် ပတ်သက်၍ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် တောင်သူ အထွက်နှုန်းကောင်း တစ်ဧကတင်း ၁၀၀ ကျော်ထွက်ရှိရေး ကြိုးစားဆောင်ရွက်နိုင်ရေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က စိုက်ပျိုးရေး စနစ်မှန်ကန်ရေး၊ မျိုး၊ မြေ၊ ရေ နည်းစနစ် မှန်ကန်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်အတွင်းရှိ သမဝါယမအသင်းမှ၂၀၂၅-၂၀၂၆ မိုးစပါးစီမံကိန်းအတွက် မိုးစပါးစိုက်ပျိုးကြမည့် သမဝါယမအသင်းသားတောင်သူ ၁၈ ဦးအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးငွေဝင်းတို့က အထွက်တိုး အောင်နိုင်တိုး မျိုးစပါးမျိုးကို လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။(အပေါ်ပုံ)



ကိုကိုမင်း(ပြန်/ ဆက်)

အမှန်တကယ်
ကြည့်မည့်
အချိန်၌သာ
တီဗွီကိုဖွင့်ပါ
ကြည့်သူမရှိဘဲ
အချိန်ပြည့်
ဖွင့်ထားခြင်းကို
ရှောင်ကြဉ်ပါ

## ကြက်သွန်နီ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကြက်သွန်နီကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ကြက်သွန်နီကို မြင်းခြံမြို့နယ်တွင် ဧက ၈၆၀၀၊ တောင်သာမြို့နယ်တွင် ၉၂၀၄ ဧက၊ နွားထိုးကြီးမြို့နယ်တွင် ၂၃၉၄ ဧက စုစုပေါင်း ၂၀၁၉၈ ဧက စိုက်ပျိုးခဲ့ရာ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဆောင်းကြက်သွန်နီကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စိုက်ပျိုးပြီး လေးလခန့်အကြာ မတ်လနှင့်ဧပြီလများတွင် ရိတ်သိမ်းထွက်ပေါ်ကြောင်း၊ ရွှေဖလား ကြက်သွန်နီဥမျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးဥ ၃-၄ ပြည်ခန့်ကုန်ကျကြောင်း၊ မျိုးစေ့ကို ပျိုးထောင်ပြီး ပျိုးပင်သက်တမ်းရင့်ချိန်တွင် ဘောင်ခတ်စနစ်ဖြင့် မြေချစိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂၉-၃၀ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ကြက်သွန်နီ ပိဿာချိန် ၃၄၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မြင်းခြံမြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန် (ဘုရင့်နောင်ပွဲရုံ)၊ မန္တလေး၊ နေပြည်တော်နှင့် မော်လမြိုင်မြို့များသို့ တင်ပို့လျက်ရှိကြောင်း၊ ကြက်သွန်နီ သီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း ကြက်သွန်နီစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)



## ရုံးပတီသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံ တစ်မျိုးဖြစ်သော ရုံးပတီသီးနှံကို မိသားစု အပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

ရုံးပတီသီးကို ရာသီမရွေး စိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများရှိပြီး ပင်လတ်ရုံးပတီမျိုးများကို အများဆုံးစိုက်ပျိုးလျက်ရှိရာ တစ်ဧကလျှင် မျိုးစေ့ ရှစ်ထုပ်ခန့် ကုန်ကျကြောင်း၊ တန်းခြား သုံးပေ၊ ပင်ခြား တစ်ပေ- တစ်ပေခွဲထား၍ ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃၀၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးနှံကို နှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး တစ်ဧကလျှင် ရုံးပတီသီးအတောင့်ရေ ၁၇၅၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ဒေသတွင်းသို့ ပြန်လည်ရောင်းချကြကြောင်း၊ ရုံးပတီသီးသည် စိုက်ပျိုးရလွယ်ကူပြီး ရာသီမရွေး စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။ DOCA (ပဲခူး)



## သခွားသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားစိုက်ပျိုးလျက်ရှိပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် မြှုပ်သခွားသီးနှံ(ခ) သခွားရှည်သီးနှံများကို စိုက်ပျိုးလာကြကြောင်း သိရသည်။

သခွားသီးကို ရာသီမရွေးစိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် စတင်ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့်ကုန်ကျကြောင်း၊ သခွားသီးကို ၂-၃ ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး အလုံးရေ ၃၀၀- ၄၀၀ ခန့်ထွက်ရှိရာ တစ်ဧကလျှင် သခွားသီးအလုံးရေ ၅၀၀၀ ခန့် ထွက်ရှိကြောင်း၊ ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ သခွားသီးသည် လူကြိုက်များပြီး ဝယ်လိုအားရှိသောကြောင့် သခွားသီးစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကာ ဝင်ငွေရရှိကြောင်း သိရသည်။ DOCA (မန္တလေး)

## ကျောက်ဆည်ခရိုင်အတွင်း မိုးကြို့ဝါများ စတင်ထွက်ပေါ်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြရာ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြောင်း၊ ဈေးကွက်ဝယ်လိုအားကောင်းသော ဝါသီးနှံကို မိုးကြို့ဝါ၊ မိုးဝါနှင့် မိုးနှောင်းဝါဟူ၍ စိုက်ပျိုးကြပြီး ကျောက်ဆည်မြို့နယ်တွင် ဧက ၁၀၀၊ မြစ်သားမြို့နယ်တွင် ၂၁၂၅ ဧက စုစုပေါင်း ၂၂၂၅ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးကြို့ဝါကို ဧပြီလတွင် စတင်စိုက်ပျိုးခဲ့ပြီး ယခုအချိန်တွင် မိုးကြို့ဝါသီးနှံများ စတင်ထွက်ပေါ်လျက်ရှိကြောင်း၊ B31၊ Raka- 666 မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးထုပ်နှစ်ထုပ်ခွဲခန့် ကုန်ကျစိုက်ပျိုးရကြောင်း၊ မိုးကြို့ဝါသီးနှံကို ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ဝါပိဿာချိန် ၈၀၀-၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဝါစတင်ထွက်ပေါ်ချိန်မှစ၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အရည်အသွေးပိုမိုကောင်းမွန်သော ဝါသီးနှံများ လှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ဈေးနှုန်းပိုမိုရရှိနိုင်ကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်နှင့် မြစ်သားမြို့ရှိ ပွဲရုံများမှတစ်ဆင့် မန္တလေးစက်မှု၊ ချည်မျှင်နှင့် ရက်ကန်းစက်ရုံများသို့ တင်ပို့ရောင်းချကြကြောင်း မိုးကြို့ဝါစိုက်ပျိုး တောင်သူတစ်ဦးထံမှ သိရသည်။ DOCA (မန္တလေး)

### ၂-၆-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ဂေါ်ဖီ ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်း တက် | ချင်း | ဆား | မြေပဲ | ကုလား ပဲဝါ | မန်ကျည်း သီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ် ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၇၅ | ၂၅၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၁၅၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၇၂၃၅ | ၁၆၀၀၀ | ၂၂၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၇၁၁၅ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၅၅၀၀ | | ၇၀၀၀ | ၇၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၃၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၉၂၅ | ၁၆၀၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၆၅၀၀ | | ၇၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၉၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၆၀၀ | ၂၁၀၀၀ | ၇၁၀၀ | ၈၅၀၀ | ၁၉၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၆၄၀၀ | ၁၂၀၀၀ | ၃၂၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၉၄၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၂၀၀ | ၁၈၀၀၀ | ၇၃၅၀ | ၁၀၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၇၇၀၀ | ၉၅၀၀ | ၅၅၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၉၀၀၀ | ၇၄၁၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၄၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၄၀၀၀ | ၃၄၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၈၀၀၀ | ၇၄၇၅ | ၁၂၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၃၂၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၇၂၀၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၂၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၂၀၀ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၈၀၀ | ၉၀၀၀ | ၃၇၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၂၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၁၀၀ | ၁၈၄၀၀ | ၇၀၁၅ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၅၀၀ | ၁၅၄၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၄၀၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၁၀၀ | ၁၈၆၀၀ | ၇၀၁၅ | ၁၆၅၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၁၅၆၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၄၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၄၅၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၅၀၀ | ၁၂၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၆/၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အသုံးမပြုတော့သည့် ၂၀ လက်မ ပိုက်လိုင်းဟောင်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရာတွင် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအစား | မိုင်/ တန်ချိန် (ခန့်မှန်း) | တင်ဒါပိတ်ရက်/အချိန် | | တင်ဒါဖွင့်ရက်/အချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | အချိန် | နေ့ရက် | အချိန် |
| (၁) | အသုံးမပြုတော့သည့် ၂၀ လက်မ ပိုက်လိုင်းအဟောင်းများ<br>LOT No.(1) - ရေးမြို့ နယ်၊ ကျုံပေါ်ရွာ အနီးမှ လမိုင်းမြို့ အနီးထိ၊<br>LOT No.(2) - ရေးမြို့နယ်၊ လမိုင်းမြို့ အနီးမှ သံဖြူဇရပ် မြို့နယ် အနင်းရွာအနီးထိ၊<br>LOT No.(3) သံဖြူဇရပ်မြို့နယ် ငါးခရုရွာ အနီးမှ မုဒုံမြို့နယ် ဘဲရမ်းရွာအနီးထိ၊<br>LOT No.(4) ဘားအံမြို့နယ်၊ ဇာသပြင်ရွာ(ဂျိုင်းမြစ်) အနီးမှ ဝါးဆူးရွာအနီးထိ၊ | <br><br>၁၄ မိုင်/ ၂၄၅၃ တန်<br>၁၄ မိုင်/ ၂၄၅၃ တန်<br>၁၀ မိုင်/ ၁၇၅၃ တန်<br>၁၅ မိုင်/ ၂၆၂၉ တန် | ၁၇-၆-၂၀၂၅ (အင်္ဂါနေ့) | ၁၂:၀၀ နာရီ | ၁၇-၆-၂၀၂၅ (အင်္ဂါနေ့) | ၁၃:၀၀ နာရီ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား **၂-၆-၂၀၂၅ ရက်မှ ၁၆-၆-၂၀၂၅ ရက်အထိ** စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထားမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပစ္စည်းစီမံဌာန ဖုန်း- ၀၉-၄၅၄၈၃၆၁၄၅ နှင့် ပိုက်လိုင်းအင်ဂျင်နီယာဌာန၊ ဖုန်း-၀၉ ၈၅၄၅၄၄၀၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်ရောင်းချရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၆)၊ လှော်ကားလမ်း၊ မြေကွက်အမှတ် (၁၃/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဒေါ်စန်းစန်းမေ (၁၂/တမန (နိုင်) ၀၂၄၈၉၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချိုချို (၁၂/ပဇတ (နိုင်) ၀၁၉၉၃၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ရွှေပေါက်ကံ၊ ညောင်ရမ်းလမ်း၊ မြေကွက်အမှတ်(၂၁)ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်မူရင်းတွင် ဒေါ်စုစုရီ ၁၂/ဥကမ(နိုင်)၀၅၆၇၆၆ အမည်ပေါက် အလျား(၄၀)ပေx အနံ(၆၀)ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စုစုရီ ၁၂/ဥကမ(နိုင်)၀၅၆၇၆၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးဇော်လွင်ဦး ၅/ကနန(နိုင်)၀၂၆၁၈၂ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ မူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်လွင်ဦး ၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဥမ္မာမြင့် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)**

**ဒေါ်မြတ်နိုးခင် (LL.B)အထက်တန်းရှေ့နေ**
**စဉ် -၅၃၁၅၀ (၃၀-၆-၂၀၂၀)**

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉-၈၇၂၃၀၉၈၉၂**



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်များအပေါ် တည်ဆဲဥပဒေများနှင့်အညီ အခွန်ပေးဆောင်မှုလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အခွန်ပညာပေး ရှင်းလင်းပွဲကို ဇွန် ၂ ရက်က တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပရာ တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဆန်းမြင့်ဦး(လက်ထောက်ညွှန်ကြားရေးမှူး) က ကုမ္ပဏီလုပ်ငန်းရှင်များအား တင်ဒါဆောင်ရွက်သည့်လုပ်ငန်းများအပေါ် အခွန်ဆိုင်ရာလိုက်နာရမည့်ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးစဉ်။

သတင်းစဉ်

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ရန်ပုံငွေဖြင့် လမ်းအထူးအဖွဲ့(၃)နှင့် မြို့နယ်များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည် ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

| | | |
|---|---|---|
| (ခ) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၂-၆-၂၀၂၅ ရက်မှ ၁၆-၆-၂၀၂၅ ရက်အထိ (ရုံးချိန်အတွင်း) |
| (ဂ) | **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံမြို့ |
| (ဃ) | **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** | - ၁၇-၆-၂၀၂၅ ရက်၊ ၁၆:၀၀နာရီ |
| (င) | **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** | - ၂၀-၆-၂၀၂၅ ရက်၊ နံနက် (၁၀:၀၀) နာရီ |
| (စ) | **တင်ဒါဖွင့်လှစ်မည့် နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၁၂၁၀၃၁၊ ၀၉-၇၇၉၀၆၅၈၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/20194 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးနိုင် ၇/ပခန(နိုင်)၁၀၃၉၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/36578 ယာဉ်လက်ဝယ်ရှိသူ ဦးထက်ကိုကို ၇/ပခန(နိုင်)၄၃၄၅၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်း အနောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၄၆ဧက၊ မြေကွက်အမှတ်(ဥသ-၁၀၀၆)၊ ဦးခင်မောင်စီ (ဘ) ဦးထွန်း(ခ)ဂျွန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးခင်မောင်စီ ၉/မရမ(နိုင်)၀၄၈၁၁၆ (ဘ)ဦးထွန်း(ခ)ဂျွန်မှ ဒေါ်စိမ်းစိမ်းသွင်သန်း ၈/မကန(နိုင်)၀၀၀၂၉၃ (ဘ)ဦးသန်းဖေ၏ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-IV/ ကွက်ပြင်-၄)၊ ဦးပိုင်အမှတ်(၆-ကဠ)၊ မြေဧရိယာ(၀ဒသမ၀၆)ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်သိင်္ဂီဝင်း ၁/မညန(နိုင်)၁၁၁၄၉၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**



ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း(လူမှုကူညီရေးအဖွဲ့)မှ စုစည်း၍ ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်းထားကြသည့် သတင်းစာဆရာ အသင်းဝင်များအား မှတ်တမ်းလွှာပေးအပ်ပွဲကို ဇွန် ၁ ရက်က ဗဟန်းမြို့နယ် ကြီးငါးကြီး ဆုတောင်းပြည့်ဘုရားရင်ပြင်၌ ပြုလုပ်ရာ ရန်ကုန်တိုင်း သတင်းစာဆရာအသင်း နာယက ဦးသက်တင်က အလှူရှင် တစ်ဦးအား မှတ်တမ်းလွှာပေးအပ်စဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ခရိုင်(၄)ခရိုင်အတွင်းရှိ မြို့နယ်များအတွက် ၀.၄ကေဗွီကောင်းကင်ဓာတ်အားလိုင်း၊ကန်ထရိုက်တိုက်သို့ Service Wire ဆွဲသွားခြင်းနှင့်Meterအဝင် Connection ပြုလုပ်ရန်အတွက် လိုအပ်သော ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၃.၆.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၇.၆.၂၀၂၅) ရက်နေ့၊ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ် အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်အမှတ် (ပ-၂၀၅၀၁)ကို အမည်ပေါက် ဦးဝင်းမြင့် (ဘ) ဦးခင်အောင် ၁၂/တမန(နိုင်)၀၀၅၉၄၄ မှ ဦးလင်းထက်ခိုင် (ဘ)ဦးရွှေကြိုင် ၉/ပဗသ(နိုင်)၀၂၃၇၁၀နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူး ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၁)၊ ဦးပိုင်အမှတ် ၂၀-ဃ(ခဲစင်း)အရှေ့ခြမ်း၊ ၄၂လမ်း၊ ၈၃x၈၄လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဒေါ်ညွန့်ညွန့်တင်(ခ)ဒေါ်တင်တင်၊ ဒေါ်စန်းစန်းတို့ (၂)ဦးအနက်ဒေါ်ညွန့်ညွန့်တင်(ခ)ဒေါ်တင်တင်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၂၉၄၉/၂၀၀၀) ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံခဲ့သူ ဒေါ်စန်းစန်း(ခ)ဒေါ်စန်းစန်းမြင့်၏ (GP ရရှိသူ ဦးအောင်ခိုင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၁၂၄/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ဝင်းမောင် ၉/ခမစ(နိုင်)၁၁၇၄၂၅ ကအမှုတွဲအမှတ် (၀၀၂၄/ဘ၊ ခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆) ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁)၊ ဦးပိုင်အမှတ်(၂၁ခဲစင်းနောက်ခြမ်း)၊ ၄၈x၄၉ကြား၊ ၁၁၁x၁၁၂လမ်းကြားရှိ ဦးလှဝေ အမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဒေါ်စန္ဒာအေးကတရားပြိုင် ဦးလှဝေအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည် မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၃၄/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်စန္ဒာအေး ၉/မဟမ(နိုင်)၀၁၂၂၈၄ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရေတာရှည်မြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

ဦးနိုဝင်ဘာ(ခ)ဦးအာကာ **နှင့်** ၁။ ဦးနေမျိုးအောင်
၂။ ဦးလွန်းအောင်(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးနေစိုးအောင်)

(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး ရပ်ကွက်၊ ဦးဖိုးကျားလမ်း၊ အမှတ် (၄/၈)နေ (ဘ)ဦးလွန်းအောင်၏သား ဦးနေမျိုးအောင်(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးနိုဝင်ဘာ(ခ)ဦးအာကာက ငွေ(၁၁၅)သိန်းကျပ်နှင့်နှစ်နာကြေးငွေ (၂၃)သိန်းကျပ် စုစုပေါင်းငွေ (၁၃၈) သိန်းကျပ်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၇ ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆုတ် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နုယမင်းဖြူ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ရေတာရှည်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ ဖိုးရာဇာ (၃)လမ်း၊ မြေကွက်အမှတ် (၉၄၃)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးတင်ဇိုလ်ဇိုလ် (၁၂/မရက (နိုင်) ၁၄၂၇၄၂)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးတင်ဇိုလ်ဇိုလ် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဥ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (L 17- ၆၀)၊ မြနန္ဒာလမ်း၊ မြေကွက်အမှတ် (၂၃၈၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်စိုးစိုးမြင့် (ခ) သဥ္ဇာရွှေမျှား (BTHG- ၀၀၇၉၅၄) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မေရီ (၁၂/ကတတ (နိုင်)၀၁၃၆၆၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဥ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ပြုသည့် မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၏ အောက်ဖော်ပြပါလုပ်ငန်းနှင့်ပတ်သက်၍ စိတ်ပါဝင်စားသော မြန်မာနိုင်ငံသား ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot အမှတ် | တည်နေရာ | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|---|---|
| ၁ | Lot-1 | မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် | စက်သုံးဆီလမ်းချဲ့ခြင်းနှင့် ထပ်ပိုးကတ္တရာခင်းခြင်း လုပ်ငန်း(၄၀၀၀'x၁၂'x၃")+ (၂x၄၀၀၀'x၂'x၉") | ၁ |

တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် - (၂၉-၅-၂၀၂၅)ရက် နံနက်(၉:၃၀)နာရီမှညနေ(၁၆:၃၀)နာရီထိ
တင်ဒါလျှောက်လွှာပုံစံများ ရောင်းချခြင်း၊ ပိတ်သိမ်းမည့် နေ့ရက်/အချိန် - (၁၁-၆-၂၀၂၅)ရက် ညနေ (၁၆:၃၀)နာရီ
တင်ဒါအဆိုပြုလွှာများ ပြန်လည်လက်ခံမည့် နေ့ရက်/အချိန် - (၁၆-၆-၂၀၂၅)ရက် ညနေ (၁၆:၃၀)နာရီထိ
တင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန် - (၂၀-၆-၂၀၂၅)ရက် နံနက် (၁၀)နာရီ
တင်ဒါဖွင့်လှစ်မည့်နေရာ - မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး

၂။ တင်ဒါစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ရုံးချိန်အတွင်းလာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဆက်သွယ်ရန် ဖုန်း-၀၆၄-၂၂၃၀၅၆၊ ၀၆၄-၂၂၃၀၆၈

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့

## ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေ လုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ပြုသည့် မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၏ အောက်ဖော်ပြပါလုပ်ငန်းနှင့်ပတ်သက်၍ စိတ်ပါဝင်စားသော မြန်မာနိုင်ငံသား ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot အမှတ် | တည်နေရာ | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|---|---|
| ၁ | Lot-1 | မိတ္ထီလာမြို့ | မိတ္ထီလာမြို့ရေပေးဝေရေးအတွက် ရေစက်များ ၂၄ နာရီ မီးရရှိရေး လုပ်ငန်းများ ဆောင်ရွက်ရန် အပိုင်း(၁) ခတ်အားလိုင်း အရှည် (၁၆၇၃၈)ပေ၊ အပိုင်း(၂)ခတ်အား လိုင်းအရှည် (၁၆၈၉)ပေနှင့် အပိုင်း(၃)ခတ်အားလိုင်း အရှည်(၁၄၂၅၆)ပေ လုပ်ငန်းများ | ၁ |

တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် - (၂၉-၅-၂၀၂၅)ရက် နံနက် (၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီထိ
တင်ဒါလျှောက်လွှာပုံစံများ ရောင်းချခြင်း၊ ပိတ်သိမ်းမည့် နေ့ရက်/အချိန် - (၁၁-၆- ၂၀၂၅)ရက် ညနေ(၁၆:၃၀)နာရီ
တင်ဒါအဆိုပြုလွှာများ ပြန်လည်လက်ခံမည့် နေ့ရက်/အချိန် - (၁၆-၆-၂၀၂၅) ရက် ညနေ (၁၆:၃၀) နာရီထိ
တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - (၂၀-၆-၂၀၂၅)ရက် မွန်းလွဲ(၁၄:၀၀) နာရီထိ
တင်ဒါဖွင့်လှစ်မည့်နေရာ - မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး

၂။ တင်ဒါစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဆက်သွယ်ရန် ဖုန်း-၀၆၄-၂၂၃၀၅၆၊ ၀၆၄-၂၂၃၀၆၈

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့

## ကြော်ငြာစာ

